**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

မိမိထက်အသက်သိက္ခာဝါကြီးသောသူတို့ကို အမြဲအရိုအသေပြုလေ့ ရှိခိုးလေ့ရှိသောသူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော အကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။ **ဓမ္မပဒ**

# မြဝတီ

နေ့စဉ်

**သတင်းလောက ရှေ့ဆောင်မည် လူထုကြားက မြဝတီ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၃၆)

၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်
၂၀၂၄ ခုနှစ်၊ မေ ၂၄ ရက်၊ သောကြာနေ့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။
၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။
၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။
၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ

## မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၃၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲအခမ်းအနားတက်ရောက်

**နေပြည်တော် မေ ၂၃**

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၃၃)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ရုံးချုပ်) အစည်းအဝေးခန်းမဌကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ တက်ရောက်သည်။

အခမ်းအနားသို့ ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသည့် ဒေါ်ခင်သက်ဌေး၊ ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့ကျန်းမာရေး **စာမျက်နှာ ၁၆ ကော်လံ ၁** ☆



မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် တိုင်းဒေသကြီး/ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့၏ လှုပ်ရှားဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများကိုလှည့်လည်ကြည့်ရှုစဉ်။



## ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး “ရဋ္ဌနန္ဒက” မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

**နေပြည်တော် မေ ၂၃**

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှ၊ အသက် ၃၃ နှစ်က ဆင်ဖြူတော် (အထီး)ကလေး (၁)စီးအား ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့ နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါ ဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ **စာမျက်နှာ ၅ ကော်လံ ၃** ■

## ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှုများစတင်

**သတင်းစာမျက်နှာ-၁၁ သို့**



## အယ်ဒီတာ့အာဘော် (၂၀၂၄ ခုနှစ်၊ မေ ၂၄ ရက်)

# ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့

နိုင်ငံတိုင်းတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်နေကြသည်။ လူ့စွမ်းအားအရင်းအမြစ်၏အခြေခံသည် ပညာပင်ဖြစ်သည်။ နိုင်ငံသားတို့၏ပညာရည်ဖွံ့ဖြိုးတိုးတက်နေခြင်းမှာ လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်နေခြင်းဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏တိုးတက်မှုတွင် ပညာတတ်လူငယ်မောင်မယ်များ အများအပြားရှိနေခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် တစ်မျိုးသားလုံးပညာရည်မြင့်မားအောင်ဆောင်ရွက်လျက်ရှိသည်။ မျိုးဆက်သစ်လူငယ်မောင်မယ်အဆက်ဆက်တို့ ပညာရည်မြင့်မားနေမှသာဖွံ့ဖြိုးတိုးတက်သောနိုင်ငံကိုဖော်ဆောင်နိုင်မည်ဖြစ်သည်။ အဓိကနှင့်အခြေခံအကျဆုံးမှာ ကျောင်းနေအရွယ်ကလေးအားလုံးအခြေခံပညာသင်ယူဖို့အတွက် ကျောင်းအပ်နှံကြရမည်ဖြစ်သည်။

မိဘတို့၏တာဝန်ဝတ္တရားများတွင် သားသမီးများကို **"မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင် ဖခင်မယ်တို့တာ"** ဟူ၍ဖော်ပြထားပေရာ ကောင်းရာညွှန်လတ်၊ အတတ်သင်စေဆိုသည့်အတိုင်း ကျောင်းအပ်နှံခြင်းကိုဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ ကျောင်းနေရန်အရွယ်ရောက်သည်နှင့် ကျောင်းအပ်နှံပေးရမည်ဖြစ်သလို နှစ်စဉ်နှစ်တိုင်း သတ်မှတ်ထားသည့်ကျောင်းအပ်နှံရေးသီတင်းပတ်တွင် ကျောင်းအပ်နှံပေးကြရမည်မှာ မိဘအုပ်ထိန်းသူတိုင်း၏တာဝန်ဖြစ်သည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက်ကျောင်းအပ်နှံရေးသီတင်းပတ်မှာ မေလ ၂၃ ရက်မှ ဇွန်လ ၂ ရက်အထိဖြစ်သည်။ **"ကျောင်းနေအရွယ်ကလေးအားလုံးအခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့"** ဆောင်ပုဒ်နှင့်အညီ မိဘအုပ်ထိန်းသူတို့က သတ်မှတ်ရက်အတွင်းကျောင်းအပ်နှံရေးဆောင်ရွက်ကြရမည်ဖြစ်သည်။ ၂၀၂၄ ခုနှစ် ဇွန်လ ၃ ရက်တွင် အခြေခံပညာကျောင်းများကိုစတင်ဖွင့်လှစ်တော့မည်ဖြစ်သည်။ နိုင်ငံတစ်ဝန်းလုံးတွင် ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးကို နိုင်ငံတော်အစိုးရအနေဖြင့်လည်း အလေးထားလုပ်ဆောင်လျက်ရှိသည်။

မိမိတို့၏သားသမီးများကို အချိန်မီကျောင်းပို့နိုင်ရေးသည် မိဘတိုင်းလုပ်ဆောင်ရမည့်တာဝန်ဖြစ်သည်။ အခြေခံပညာကျောင်းများသို့အပ်နှံသင်ကြားနိုင်ရေးအတွက် မိဘများနှင့်ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံတော်အစိုးရက ကူညီထောက်ပံ့မှုများ များစွာပေးထားပြီးဖြစ်သည်။ ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း ကျောင်းတိုင်းရှိဆရာ၊ ဆရာမများအားလုံးနှင့်အရာထမ်း၊ အမှုထမ်းများအားလုံးအနေဖြင့်သိရှိလိုက်နာရမည့်အချက်များအဖြစ် မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရန်၊ ငွေကြေး/လက်ဆောင်ပစ္စည်းတစ်စုံတစ်ရာလက်ခံခြင်းမပြုရန်၊ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှရောင်းချခြင်းမပြုရန် သတ်မှတ်ထားပြီးဖြစ်သည်။

မိဘအုပ်ထိန်းသူများအနေဖြင့် ကလေးများကျောင်းအပ်နှံခြင်းနှင့်ပတ်သက်၍ ငွေကြေးတစ်စုံတစ်ရာကုန်ကျခြင်းမျိုးလုံးဝမရှိသည်ကိုသိထားပြီးဖြစ်သည်။ ငွေကြေးချို့တဲ့၍ကျောင်းမအပ်နိုင်သည်မျိုး လုံးဝမရှိအောင်စီစဉ်ဆောင်ရွက်ထားခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံပညာကဏ္ဍ၏ပညာရေးအဆောက်အအုံလိုအပ်ချက်များ၊ စာအုပ်စာတမ်းနှင့်စာရေးကိရိယာလိုအပ်ချက်များ၊ ကျောင်းအလိုက်ပညာရေးဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေများကို ပထမအကြိမ်၊ ဒုတိယအကြိမ်ဟူ၍ ပညာသင်နှစ်တစ်နှစ်လျှင်နှစ်ကြိမ် ခွဲခြားသတ်မှတ်ပေးအပ်ထောက်ပံ့လျက်ရှိသည်။ အခြေခံပညာအတန်းများအားလုံး အခမဲ့ပညာရေးစနစ်ဖြင့် သင်ကြားပေးနိုင်ရန်စီမံဆောင်ရွက်ထားခြင်းဖြစ်၍ ဆင်းရဲချမ်းသာလူတန်းစားမရွေး အခြေခံပညာကိုသင်ယူနိုင်ပေသည်။

ပညာနှင့်ပတ်သက်၍ အသိပညာနှင့်အတတ်ပညာဟူ၍ခွဲခြားသိမြင်နိုင်သည်။ ကလေးငယ်တိုင်း စာတတ်မြောက်ကြရန်လိုသည်။ စာတတ်မှသာ ပညာရပ်များကိုလေ့လာသင်ယူနိုင်မည်။ အသိပညာ၊ အတတ်ပညာများကိုလိုသလိုလေ့လာနိုင်မည်။ ထိုသို့လေ့လာသင်ယူမှသာ အသိပညာ၊ အတတ်ပညာများမြင့်မားလာမည်။ အသိပညာမြင့်မားသည်နှင့် အကောင်းအဆိုး၊ အမှားအမှန်ကိုဝေဖန်ပိုင်းခြားနိုင်မည်။ မှန်ကန်သောအတွေးအခေါ် နှင့်မှန်ကန်သောလုပ်ရပ်တို့လုပ်ဆောင်နိုင်မှသာ မိမိအကျိုး၊ မိမိပတ်ဝန်းကျင်အကျိုးနှင့်နိုင်ငံတော်အကျိုးကိုကောင်းမွန်စွာသယ်ပိုးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် အခြေခံပညာရေးတွင် သင်ကြားလေ့ကျင့်ပေးမည့်ဘာသာရပ်များကို မဖြစ်မနေသင်ယူတတ်မြောက်ထားကြရမည်ဖြစ်သည်။

**ပညာမြင့်မှလူမျိုးတင့်မည်**ဆိုသည့်အတိုင်း ပညာမြင့်ရန်မှာ ပညာရေး၏နိဒါန်းအစဖြစ်သည့် အခြေခံပညာရေးမှစ၍ စနစ်တကျမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။ အခြေခံပညာရေးဆိုသည်မှာ ပညာရေးအဆောက်အအုံတစ်ခုလုံး၏အခြေခံအုတ်မြစ်ဖြစ်သည်။ အခြေခံပညာရေးအုတ်မြစ်ခိုင်မာတောင့်တင်းမှသာ ဘဝတစ်သက်တာပညာရေးအဆောက်အအုံကြီးတိုးတက်ကောင်းမွန်နိုင်မည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်တည်ဆောက်လျက်ရှိသည်။ အနှစ်ချုပ်ဆိုရသော် ကျောင်းနေအရွယ်ကလေးအားလုံးအခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့ဟူ၍ တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအားဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့် ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ပညာရေးဝန်ကြီးဌာန "၂၀၂၄-၂၀၂၅ ပညာသင်နှစ်" ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများ အားလုံးသိရှိလိုက်နာရမည့်အချက်များ

**မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။**

**ငွေကြေး/လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။**

**အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။**

ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကိုနေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။

ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။

ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။

မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။

ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။

ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။

ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့်ပူးပေါင်းဆောင်ရွက်ရန်။

နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။

အသက်(၁၂)နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရာနှုန်းပြည့်ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ရန်။

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်) အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးအောင်မျိုးအေး၊ ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# “ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့” ဆောင်ပုဒ်နှင့်အညီ ဆရာ၊ ဆရာမ၊ ကျောင်းသားမိဘနှင့် ကျောင်းသား၊ ကျောင်းသူတို့၏ ကျောင်းအပ်နှံမှုစတင်သောနေ့၏ ရင်တွင်းစကားသံများ



နိုင်ငံတစ်ဝန်း မိုးရိပ်မိုးဖွဲ့တို့ကြောင့် အအေးဓာတ်များလွှမ်းခြုံလာမှုဖြင့် အပူလှိုင်းများ တစ်စထက်တစ်စလျော့ပါးလာကာ သွားလာနေထိုင်မှု စတင်အဆင်ပြေလာလျက်ရှိသည်။ မိုးရိပ်မိုးငွေ့နှင့်အတူ ကျောင်းဖွင့်ရာသီသို့ ဝင်ရောက်လာပြီဖြစ်ရာ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းဖွင့်ချိန်ကို စောင့်မျှော်နေကြသည့် ကျောင်းသား၊ ကျောင်းသူတို့ မိခင်ကျောင်းတော်ကြီးအတွင်း ဆက်လက်ပညာသင်ကြားနိုင်ရေး စတင်သက်ဝင်စည်ကားနေသည့် နေ့တစ်နေ့လည်းဖြစ်သည်။

ယနေ့မှစ၍ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ အခြေခံပညာဦးစီးဌာန ကျောင်းများ၊ ပုဂ္ဂလိကကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့တွင် မိဘများက သားသမီးများကို ကျောင်းအပ်နှံကြစဉ် ပြုံးပန်းဝေဆာစွာ လက်ခံကြိုဆိုနေကြသည့် ဆရာ၊ ဆရာမများ၊ မိမိတို့သားသမီးများ အနာဂတ်ထွန်းလင်းတောက်ပရန် မျှော်မှန်းချက်ဖြင့် ကျောင်းအပ်နှံနေကြသည့် မိဘဆွေမျိုးများနှင့် ကျောင်းဖွင့်ချိန်တွင် သူငယ်ချင်းများနှင့်ပြန်လည်တွေ့ဆုံရတော့မည့် ပျော်ရွှင်ဖွယ်အချိန်ကို တမ်းတနေကြသည့် ကျောင်းသား၊ ကျောင်းသူတို့၏ ရင်တွင်းစကားသံတို့ကို စုစည်းဖော်ပြလိုက်ပါသည်။



ဒေါက်တာချိုချိုမြတ်အောင်



ဒေါက်တာဇင်မာဝင်း



ဒေါ်တင်တင်စု



မဆောင်းသဇင်မြင့်

**ဒေါက်တာချိုချိုမြတ်အောင်**
**(ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူး)**

ကျောင်းအပ်နှံရေးသီတင်းပတ်က မေလ ၂၃ ရက်ကနေ ဇွန်လ ၂ ရက်နေ့အထိ သတ်မှတ်ထားပြီးတော့ ၂၀၂၄-၂၀၂၅ ခုနှစ် ပညာသင်နှစ်ရဲ့ ကျောင်းအပ်နှံရေးနေ့ ဆောင်ပုဒ်က“ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ကျောင်းအပ်နှံကြပါစို့” ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင် ၁၄ ခုမှာ မြို့နယ်ပေါင်း ၄၅ မြို့နယ်ရှိပါတယ်။ မူလတန်းကျောင်းပေါင်း ၁၆၈၀၊ အလယ်တန်းကျောင်းပေါင်း ၆၆၅ ကျောင်းနဲ့ အထက်တန်းကျောင်း ၄၀၉ ကျောင်း စုစုပေါင်း ၂၇၅၄ ကျောင်းမှာ ကျောင်းအပ်နှံရေးကို တစ်ပြိုင်တည်းဆောင်ရွက်နေသလို ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနဲ့ အခြေခံပညာသင်ရိုးညွှန်းတမ်းနဲ့သင်တဲ့ ကိုယ်ပိုင်ကျောင်းတွေမှာလည်း ကျောင်းအပ်နှံရေးလုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်ပါတယ်။

နိုင်ငံတော်က အခမဲ့ပေးဝေတဲ့ ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ ကျောင်းဝတ်စုံတို့ကို ကလေးတွေအားလုံး ကျောင်းအပ်နှံတာနဲ့တစ်ပြိုင်နက် ရရှိအောင် တစ်ပြေးညီပေးဖို့ထားပြီးအဆင်သင့်ပြင်ဆင်ထားပြီးဖြစ်ပါတယ်။ ကျောင်းနေအရွယ်ကလေးအားလုံး စာသင်ကျောင်းကို ရောက်ပြီး ပညာသင်ကြားစေချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပညာရဲ့တန်ဖိုးဟာ နိုင်ငံသားကောင်းတစ်ယောက်ဖြစ်ဖို့အတွက် အဓိကကျနေလို့ပါ။ ဆရာ၊ ဆရာမနဲ့ မိဘများရဲ့ ထိန်းကျောင်းသွန်သင်ဆုံးမမှုအောက်မှာ သူတို့ဘဝလမ်းကြောင်းဖြောင့်တန်းဖို့အတွက် ဆောင်ရွက်နိုင်မယ်ဆိုရင် မျှော်မှန်းထားတဲ့အနာဂတ်နိုင်ငံတော်အတွက်လည်း ကောင်းမွန်တဲ့လူ့စွမ်းအားအရင်းအမြစ်တွေကို ထုထောင်နိုင်မှာဖြစ်ပါတယ်။

ကျောင်းအပ်နှံရေးကာလ ပြီးတာနဲ့ ဇွန်လ ၃ ရက်နေ့မှာ ကျောင်းဖွင့်လှစ်ပြီး စာသင်ကြားနိုင်ဖို့ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်မှုနဲ့အညီ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ကူညီစောင့်ရှောက်မှုနဲ့ ကျောင်းအားလုံး ပတ်ဝန်းကျင်နဲ့ ကျောင်းတွင်း/ကျောင်းပြင်သန့်ရှင်းရေး၊ စာသင်ခန်းအလင်းဖွင့်လုပ်ငန်း ဆောင်ရွက်ခြင်း၊ စာသင်ခန်း/စာသင်ခုံများ သန့်ရှင်းသပ်ရပ်နေအောင် ဆောင်ရွက်ခြင်းစတဲ့ လုပ်ငန်းစဉ်များမှာ တတ်နိုင်သမျှပြည့်စုံအောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ထားကြပါတယ်။ အခြေခံပညာကျောင်းအားလုံးဟာ ပညာရေးဥပဒေအရ မသင်မနေရ အခမဲ့ပညာရေးစနစ်ဖြစ်ပါတယ်။ အခြေခံပညာကျောင်းများမှာ အခမဲ့ပညာရေးစနစ်ကို ဖော်ဆောင်နေတာဖြစ်တဲ့အတွက် အခမဲ့ကျောင်းသုံးပစ္စည်းတွေရရှိတဲ့အပြင် ကျောင်းထောက်ပံ့ကြေးနဲ့ ပညာသင်ထောက်ပံ့ကြေးလည်း သတ်မှတ်စံနှုန်းနဲ့အညီပေးနေပါတယ်။ ကျောင်းအပ်နှံရာမှာ အခမဲ့ဖြစ်တဲ့အတွက် အခကြေးငွေပေးဖို့မလိုပါဘူး။ တကယ်လို့ မလိုလားအပ်တဲ့ ကိစ္စရပ်များကြုံတွေ့ခဲ့ရင်တိုင်ကြားဆက်သွယ်နိုင်တဲ့ဖုန်းနံပါတ်များနဲ့ မြို့နယ်/ခရိုင်/တိုင်းပညာရေးမှူးရုံးများကို ဆက်သွယ်တိုင်ကြားနိုင်ပါတယ်။

**ဒေါက်တာဇင်မာဝင်း (အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ် ဗိုလ်တထောင်မြို့နယ်)**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက်ဆိုရင် ကျောင်းမဖွင့်မီကာလကတည်းက ကြိုတင်ပြင်ဆင်မှုအနေနဲ့ ကျောင်းဥပမိရုပ်ကောင်းမွန်ရေး၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး၊ စာသင်ခုံ၊ စာရေးခုံများ သန့်ရှင်းရေးအတွက် ကျောင်းကတာဝန်ရှိသူတွေရယ်၊ ဌာနဆိုင်ရာတွေရယ် ပူးပေါင်းပြီး ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေစွာ ပညာသင်ယူနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိပါတယ်။

နိုင်ငံတော်က အခမဲ့ပညာရေးစနစ်အနေနဲ့ အထက်တန်းကျောင်းသားတွေအတွက်ဆိုရင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်တစ်ဒါဇင်၊ ဘောပင်လေးချောင်း၊ အလယ်တန်းကျောင်းသားတွေအတွက်ဆိုရင်လည်း ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ် တစ်ဒါဇင်၊ ဘောပင်နှစ်ချောင်း၊ ခဲတံနှစ်ချောင်း၊ မူလတန်းကျောင်းသား၊ ကျောင်းသူတွေအတွက်ဆိုရင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ခဲတံအပြင် ကျောင်းဝတ်စုံပါ ပါရှိပါတယ်။

နိုင်ငံတော်က အခမဲ့ပေးတဲ့ ကျောင်းသုံးပစ္စည်းတွေကို ကျောင်းအပ်တဲ့ကာလမှာ အချိန်မီရရှိအောင် ဖြန့်ဝေပေးပါတယ်။ အခု ၂၀၂၄-၂၀၂၅ ပညာသင်နှစ်ရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ ကျောင်းနေအရွယ်ကလေးအားလုံးအခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့ဆိုတဲ့ဆောင်ပုဒ်နဲ့အညီ ကျွန်မတို့ အထက(၅)ဗိုလ်တထောင် သတ်မှတ်ဧရိယာအတွင်းမှာရှိတဲ့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်ဖို့ ဖိတ်ခေါ်ပါတယ်။ ကျောင်းအပ်နှံတဲ့အခါ ပညာရေးဝန်ကြီးဌာနက သတ်မှတ်ထားတဲ့မူအတိုင်း ကျောင်းအပ်လက်ခံဆောင်ရွက်ပေးနေပါတယ်။ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းပညာသင်ယူဖို့အရေးကြီးပါတယ်။ ပညာသင်ယူနိုင်မှသာ အမှားအမှန်၊ အဆိုးအကောင်းကို စဉ်းစားဆင်ခြင်နိုင်မှာဖြစ်တာကြောင့် ကလေးအားလုံးကျောင်းကို ရောက်စေချင်ပါတယ်။ သူတို့ရဲ့ဘဝတွေနဲ့ အနာဂတ်တွေတောက်ပဖို့အတွက် သူတို့ရဲ့ အချိန်တွေကို ဆရာ၊ ဆရာမတွေရဲ့ သင်ကြားမှုတွေ၊ ပညာသင်ယူနိုင်မယ့်အခွင့်အလမ်းတွေနဲ့ထိတွေ့ပြီး ကုန်ဆုံးစေချင်ပါတယ်။ ကျောင်းနေအရွယ်ရှိတဲ့ ကလေးအားလုံးကျောင်းကိုရောက်ပြီး ပညာသင်ယူနိုင်တဲ့အခွင့်အလမ်းကို ယူကြပါစို့လို့ တိုက်တွန်းချင်ပါတယ်။

**ဒေါ်တင်တင်စု (ကျောင်းသားမိဘ)**

ကျောင်းတွေ စတင်လက်ခံတဲ့နေ့မှာ သမီးကို ကျောင်းလာအပ်တာပါ။ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင် အခမဲ့စုံလင်စွာ ရရှိပါတယ်။ ကျောင်းအပ်နှံနိုင်ဖို့ နိုင်ငံတော်က စီမံဆောင်ရွက်ပေးမှုကို အထူးကျေးဇူးတင်ပါတယ်။ မိခင်တစ်ဦးအနေနဲ့ ဝမ်းသာမိပါတယ်။ ကလေးတစ်ယောက်ရဲ့ ကုန်ကျစရိတ်သက်သာအောင် စီမံဆောင်ရွက်ပေးမှုကိုဝမ်းမြောက်ဝမ်းသာကြိုဆိုပါတယ်။ စနစ်သစ်မှာ သားက Grade -12 ကိုသင်ကြားခဲ့ရပြီး သမီးကလည်း Grade-10 ရောက်နေပြီဆိုတော့ အခြေခံကောင်းတွေရသွားတာကြောင့် မိဘတစ်ဦးအနေနဲ့ ပံ့ပိုးဆောင်ရွက်ပေးသွားရမှာပါ။ ပွင့်ပွင့်လင်းလင်းပြောရရင် ပညာရေးနဲ့ပတ်သက်ရင် အစိုးရအခြေခံပညာကျောင်းဟာ အကောင်းဆုံးပါပဲ။ ငွေကြေးသက်သာပြီး သင်ကြားမှုကောင်းမွန်တဲ့ ကျောင်းဖြစ်တာကြောင့် ကျောင်းသားမိဘများကို ကျောင်းအပ်နှံရေးကာလအတွင်းမှာ အမြန်ကျောင်းအပ်နှံကြဖို့လည်း တိုက်တွန်းလိုပါတယ်။

**မဆောင်းသဇင်မြင့်၊ ဆဋ္ဌမတန်း (Grade-6 အထက(၅)ဗိုလ်တထောင်)**

ဒီနေ့ကျောင်းလာအပ်တာပါ။ စာသင်ရတော့မယ်။ မတွေ့ရတာကြာပြီဖြစ်တဲ့ သူငယ်ချင်းတွေနဲ့ပြန်တွေ့ရတော့မယ်ဆိုတဲ့ အသိက ရင်ထဲမှာပီတိခံစားရပါတယ်။ ကျောင်းလာအပ်တာ အစစအရာရာ အဆင်ပြေပါတယ်။ ဘောပင်၊ ဗလာစာအုပ်၊ ဖတ်စာအုပ် အခမဲ့ရပါတယ်။ သမီးက သူငယ်တန်းကတည်းက ဒီကျောင်းမှာ တက်တာပါ။ ကျောင်းဖွင့်တော့မှာမို့ သူငယ်ချင်းတွေနဲ့အတူတူ စာသင်ရမယ်ဆိုတော့ပျော်ပါတယ်။ သမီးရဲ့ရည်မှန်းချက်ကတော့ လေယာဉ်မောင်းမယ်၊ သမီးက ငယ်ငယ်ကတည်းက စာကိုကြိုးစားသင်ယူပြီး ပညာတတ်ကြီးဖြစ်အောင် ဆက်ပြီးကြိုးစားသွားမယ်လို့ ဆုံးဖြတ်ထားပါတယ်။ ။

**ညိမ်းသူ(သတင်းစဉ်)၊**
**ဓာတ်ပုံ-ကနူး**

# ရေချိုကိုတန်ဖိုးထား ကမ္ဘာကြီးကိုစောင့်ရှောက်

မော်သာထွေး(မန္တလေး)

**ယမန်နေ့မှအဆက်**

ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကမ္ဘာကြီးပူနွေးမှုလျှော့ချရေးအတွက် လက်ရှိတွင် လျှပ်စစ်ကား ၁၉၀၀ ခန့်သာ သုံးစွဲလျက်ရှိသော်လည်း ၂၀၃၀ ပြည့်နှစ်တွင် အစီးရေ ၄၀၀၀၀ အထိ တိုးချဲ့ရန်စီမံထားသည်။ ဤသည်မှာ ဓာတ်ငွေ့နှင့်ရေနံချမ်းသာသော UAE နိုင်ငံ၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များကို ပိုမိုအသုံးချပြီး ကာဗွန်လျှော့ချရေး ဦးတည်နေမှုကို ဖော်ပြခြင်းဖြစ်သည်။

UAE နိုင်ငံတွင် ရေချိုအရင်းအမြစ်အလွန်ရှားပါးသည်။ ရေချိုရရန် ပင်လယ်ရေကို ချက်လုပ်၍သုံးစွဲခြင်း (Desalination) နည်းနှင့် မြေအောက်ရေကိုထုတ်ယူသုံးစွဲခြင်းဟူသော နည်းနှစ်မျိုးကို အဓိကသုံးနေရသည်။

ပင်လယ်ရေငန်ကို ပြုပြင်ချက်လုပ်သော စက်ရုံကိုးရုံရှိသည်။ ဖက်စပ်စီးပွားရေးလုပ်ငန်းအဖြစ် ဆောင်ရွက်နေသည်။ ရှယ်ယာ ၄၀ ရာခိုင်နှုန်းအထိ ပုဂ္ဂလိကကို ပိုင်ဆိုင်ခွင့်ပေးထားသည်။ UAE နိုင်ငံ၏ပင်လယ်ရေချက်လုပ်သုံးစွဲနှုန်းမှာ ၂၀၁၅ ခုနှစ်တွင် ကုဗမီတာ သန်း ၁၇၅၀ အထိရှိရာမှ ၂၀၂၅ ခုနှစ်တွင် ကုဗမီတာ သန်း ၅၀၀၀ အထိရှိလာမည်ဟု ခန့်မှန်းထားသည်။ ၉၀ ရာခိုင်နှုန်းသော Abu Dhabi ၏ မြေအောက်ရေမှာ ဆားငန်ရည်သာဖြစ်နေသည်။ နိုင်ငံသည် နှစ်စဉ် ရေကုဗမီတာ သန်း ၂၀၀၀ ခန့် မြေအောက်မှထုတ်ယူသုံးစွဲနေရသည့်အတွက် မြေအောက်ရေချိုလည်း ရှားပါးလျော့နည်းလာသည်ဟုဆိုသည်။

Abu Dhabi ၏ ရေသုံးစွဲမှုမှထွက်ရှိလာသောရေဆိုးမှာ နေ့စဉ် ကုဗမီတာ ၅၅၀၀၀၀(ဂါလန် သန်း ၁၂၀)ခန့်အထိ ရှိနေသည်။ ဤရေအားလုံးကို ရေသန့်စက်ရုံ ၂၀ ဖြင့် သန့်စင်ပြီး စိုက်ပျိုးရေအဖြစ် အဓိကသုံးနေသည်။ UAE နိုင်ငံ၏ နှစ်စဉ်ရရှိသောရေချို၏ထက်ဝက်ခန့်မှာ နိုင်ငံစိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေးအတွက် သုံးနေရသည်။ ကျန်ထက်ဝက်မှာ လူသောက်သုံးရန်ဖြစ်သည်။

သောက်သုံးရေ၊ စိမ်းလန်းစိုပြည်ရေး၊ စိုက်ပျိုးရေး သုံးမျိုးပေါင်း လူတစ်ဦး တစ်ရက် ရေသုံးစွဲနှုန်းမှာ လီတာ ၆၅၀ ရှိသည်။ ဤရေကို ဖြည့်ဆည်းနိုင်မည့် ပြန်လည်ပြည့်ဖြိုးမြဲစီးဆင်းနေသည့်မြစ်တစ်စင်းမျှ UAE နိုင်ငံတွင်မရှိပါ။ ပါရှန်ပင်လယ်ကွေ့ (Persian Gulf)၊ အိုမန်ပင်လယ်ကွေ့ (Oman Gulf) စသည့်ပင်လယ်များသည်သာ UAE နိုင်ငံအတွက် အဓိကရေဖြစ်သည်။ ကာဗွန်လျှော့ချရေးတွင် ပြန်လည်ပြည့်ဖြိုးမြဲရေကိုသုံး၍ လျှပ်စစ်ဓာတ်ထုတ်လုပ်ခြင်းသည် ကမ္ဘာတွင် အခြေခံလုပ်ငန်းတစ်ခုအဖြစ် ခံယူထားကြသည်။

ပြန်လည်ပြည့်ဖြိုးမြဲစီးဆင်းနေသည့် မြစ်ချောင်းမရှိသည့် နိုင်ငံတစ်နိုင်ငံမှ ရေအားလျှပ်စစ်ထုတ်လုပ်သုံးစွဲမှုမှာ စိတ်ဝင်စားစရာအလွန်ကောင်းသည်။ ပင်လယ်ထဲမှရေကို Pump သုံး၍ အပေါ်တင်၊ အပေါ်ရောက်ပါက လျှပ်စစ်အသုံးအများဆုံးအချိန်တွင် အောက်သို့ဖွင့်ချပြီး Turbine ကိုလည်ပတ်စေသည့် Pump Storage Type Hydropower Plant တည်ဆောက်သည်။ မဂ္ဂါဝပ် ၂၅၀ ရှိသည်။ ပြန်လည်ပြည့်ဖြိုးမြဲရေအရင်းအမြစ်မရှိ၍ နိုင်ငံစိမ်းလန်းစိုပြည်ရေးနှင့် ပြည်သူသောက်သုံးရေရရှိရေးအတွက် ပင်လယ်ရေကိုပြုပြင်ပြီး ရေချိုလုပ်ကာ သုံးစွဲနေရသည့်နိုင်ငံအတွက် ရေချိုတစ်စက်သည် အလွန်တန်ဖိုးရှိနေမည်မှာ သေချာပါသည်။

**အခန်း(၄)**

**အီဂျစ်နိုင်ငံ၏ရေအသုံးချမှု**

အီဂျစ်နိုင်ငံသည် အနောက်အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသကို ဆက်စပ်ပေးထားသော နိုင်ငံဖြစ်သည်။ လူဦးရေမှာ ၂၀၁၉ ခုနှစ်စာရင်းအရ ၁၀၀ ဒသမ ၄ သန်းရှိသည်။ နိုင်ငံ၏ ၉၇ ရာခိုင်နှုန်းခန့်ကို သဲကန္တာရက ဖုံးလွှမ်းထားသည်။ ၃ ရာခိုင်နှုန်းခန့်သာရှိသော မြေဧရိယာတွင်သာ စိုက်ပျိုးရေးလုပ်နိုင်သည်။ လူဦးရေနှင့်အချိုးချကြည့်ပါက လူရှစ်ဦးအတွက် စိုက်ပျိုးမြေတစ်ဧကခန့်သာရရှိနေသည့်သဘောဖြစ်သည်။ မြန်မာနိုင်ငံတွင် စပါးတစ်မျိုးတည်းပင်လျှင် လူသုံးဦးကို တစ်ဧကနှုန်းစိုက်ပျိုးနိုင်သည့်အတွက် မိမိတို့ကံကောင်းသည်ဟု ဆိုနိုင်သည်။

အီဂျစ်နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးထုတ်ကုန်အပေါ် အခြေခံရပ်တည်သည်ဟုဆိုလျှင် ယုံရန်အတော်ခက်ခဲသည်။ အီဂျစ်နိုင်ငံ၏စီးပွားရေးမှာ ချည်မျှင်ရှည်ဝါ၊ ပြောင်း၊ ဆန်၊ ဂျုံ၊ ပဲ၊ ကြက်သွန်၊ အာလူး၊ ခရမ်းချဉ်နှင့် ကြံအထူးစိုက်ပျိုးပြီး အများစုမှာ ပြည်ပပို့ကုန်ဖြစ်သည်။ ရှေးဟောင်းပိရမစ်နှင့် ရုပ်တုကြီးများကြောင့်လည်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးသည်။

အီဂျစ်နိုင်ငံတွင် လက်ညှိုးထိုးပြစရာ ပြန်လည်ပြည့်ဖြိုးမြဲစီးဆင်းနေသောမြစ်မှာ နိုင်းမြစ် (Nile River) တစ်စင်းသာရှိသည်။ နိုင်းမြစ်သည် အာဖရိက၏အကြီးဆုံး မိခင်မြစ်ကြီးဖြစ်သလို ကမ္ဘာ့နံပါတ်(၂) အရှည်ဆုံးမြစ်လည်းဖြစ်သည်။ အီသီယိုးပီးယား၊ ယူဂန်ဒါ၊ ဘရွန်ဒီ၊ အီဂျစ်၊ ကွန်ဂို၊ တောင်ဆူဒန်၊ ဆူဒန်၊ တန်ဇန်နီးယား၊ ရဝမ်ဒါ၊ ကင်ညာ၊ အီရီတြီးယားစသည့် ၁၁ နိုင်ငံကို ဖြတ်သန်းစီးဆင်းသည့် အပြည်ပြည်ဆိုင်ရာမြစ်လည်းဖြစ်သည်။

“ပင်လယ်ရေငန်ကို ပြုပြင်ချက်လုပ်သော စက်ရုံကိုးရုံရှိသည်။ ဖက်စပ်စီးပွားရေးလုပ်ငန်း အဖြစ် ဆောင်ရွက်နေသည်။ ရှယ်ယာ ၄၀ ရာခိုင်နှုန်းအထိ ပုဂ္ဂလိကကို ပိုင်ဆိုင်ခွင့်ပေး ထားသည်။ UAE နိုင်ငံ၏ ပင်လယ်ရေ ချက်လုပ်သုံးစွဲနှုန်းမှာ ၂၀၁၅ ခုနှစ်တွင် ကုဗ မီတာ သန်း ၁၇၅၀ အထိရှိရာမှ ၂၀၂၅ ခုနှစ် တွင် ကုဗမီတာ သန်း ၅၀၀၀ အထိရှိလာမည် ဟု ခန့်မှန်းထားသည်။ ၉၀ ရာခိုင်နှုန်းသော Abu Dhabi ၏ မြေအောက်ရေမှာ ဆားငန်ရည်သာဖြစ်နေသည်…”

နိုင်းမြစ်သည် အီသီယိုးပီးယားနိုင်ငံမှ စတင်မြစ်ဖျားခံခဲ့သော ဘလူးနိုင်း (Blue Nile) မြစ်နှင့် ယူဂန်ဒါနိုင်ငံ Lake Victoria မှစ၍ မြစ်ဖျားခံခဲ့သော ဝှိုက်နိုင်း (White Nile) မြစ်နှစ်စင်းမှ စတင်ခဲ့ပြီး ဆူဒန်နိုင်ငံထဲတွင် ပေါင်းသွားပြီး နိုင်းမြစ် (Nile River) အဖြစ် ဆက်လက်စီးဆင်းသည်။

Blue Nile သည် အလျားကီလိုမီတာ ၁၄၅၀ (မိုင် ၉၀၀)နှင့် White Nile သည် အလျားကီလိုမီတာ ၃၇၀၀(၂၂၉၈ မိုင်) ရှည်လျားသည်။ ဤလက်တက်မြစ်နှစ်စင်း၏ ပျမ်းမျှအလျားသည်ပင်လျှင် ဧရာဝတီမြစ်အလျားထက်ရှည်နေသေးသည်။

Nile မြစ်၏အလျားသည် ကီလိုမီတာ ၆၈၅၃ (၄၂၈၅ မိုင်) ရှည်လျားသည်။ ရေဝေရေလဲဧရိယာ(ရေဖမ်းဧရိယာ)(Catchment Area) သည် စတုရန်းကီလိုမီတာ ၃၃၄၉၀၀၀(၁၂၉၃၀၀၀ စတုရန်းမိုင်)ရှိသည်။ မြန်မာနိုင်ငံ၏ ငါးဆခန့်ကျယ်သည်။ အာဖရိကတိုက်တစ်တိုက်လုံး၏ ၁၀ ရာခိုင်နှုန်းခန့်ကျယ်သည်။ တောင်မှမြောက်သို့ စီးဆင်းသည့်မြစ်ဖြစ်သည်။

**ဆက်လက်ဖော်ပြပါမည်။**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့်**

**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**

**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

နေပြည်တော် မေ ၂၃

# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များတက်ရောက်



ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ အားကစားသမားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရန်၊ မြန်မာ့ပိုက်ကျော်ခြင်း အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ယခုပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားမောင်မယ်များအနေဖြင့် မိမိတို့ကိုယ်စားပြုယှဉ်ပြိုင်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသင်းအောင်နိုင်ရေးအတွက် မိမိတို့၏အစွမ်းအစ အရည်အသွေးများကို အစွမ်းကုန်ဖော်ထုတ်ပြသပြီး အားကစားစိတ်ဓာတ်အပြည့်အဝနှင့် အနိုင်မခံအရှုံးမပေးဘဲ အကောင်းဆုံးပါဝင်ယှဉ်ပြိုင်သွားကြစေလိုကြောင်း၊ ယခုပြိုင်ပွဲမှတစ်ဆင့် မြန်မာ့လက်ရွေးစင်အသင်းကို အင်အားဖြည့်တင်းနိုင်မည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများ ဖြစ်လာအောင် ကြိုးစားသွားကြစေလိုကြောင်း ပြောကြားပြီး “၂၀၂၄ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ”ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်နှင့်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြသည်။





ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူတို့သည် ပြိုင်ပွဲဝင်အားကစားအသင်းများမှ အားကစားသမားများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြပြီး အမျိုးသားနှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ “၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ” ကို ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၃ သင်း စုစုပေါင်း ပြိုင်ပွဲဝင်အသင်း ၂၈ သင်းမှ အသင်းအုပ်ချုပ်သူ/နည်းပြ၊ အားကစားသမားအင်အား စုစုပေါင်း ၂၆၉ ဦးဖြင့် ပြိုင်ပွဲကာလ မေလ ၂၃ ရက်မှ ၃၁ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၌ ကျင်းပသွားမည်ဖြစ်ရာ ပိုက်ကျော်ခြင်းကစားနည်းကိုစိတ်ပါဝင်စားသည့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV-HD)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိရာ (၂၄-၅-၂၀၂၄)ရက် (သောကြာနေ့)ညတွင် ကဆုန်လဖွဲ့ဆိုင်ရာ တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ဌာနအဆိုရှင်များနှင့် ပြင်ပတေးသံရှင်များ စုပေါင်း၍ **“အောင်နိမိတ်”** တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်သဖြင့် အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေးအကြောင်းကြားပါသည်-

**(၂၄-၅-၂၀၂၄)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၁)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | မင်္ဂလာ(၁၂)ပါး | ပြင်ပအဆိုရှင် |
| ၂။ | မေတ္တာဂုဏ် | ပြင်ပအဆိုရှင် |
| ၃။ | ငါးပါးပဥ္စလီ | ပြင်ပအဆိုရှင် |
| ၄။ | မြတ်ဂုဏ်တော်သခင် | ပြင်ပအဆိုရှင် |
| ၅။ | အောင်နိမိတ် | ပြင်ပအဆိုရှင် |
| ၆။ | ဗုဒ္ဓ(သို့မဟုတ်) လွတ်မြောက်စေသူ | ပြင်ပအဆိုရှင် |
| ၇။ | ပန်းသပြေ | ပြင်ပအဆိုရှင် |
| ၈။ | ကမ္ဘာကျော်ကြားတဲ့ မြတ်ရွှေတိဂုံဘုရား | ပြင်ပအဆိုရှင် |
| ၉။ | မေတ္တာအင်ကြင်းရဂုံ | ပြင်ပအဆိုရှင် |
| ၁၀။ | လူလိမ္မာ | ပြင်ပအဆိုရှင် |
| ၁၁။ | မူလနှစ်ဖြာ | ပြင်ပအဆိုရှင် |

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၅-၂၀၂၄(သောကြာနေ့)

၁။ ၀၆း၀၃ တရားတော်
၂။ ၀၈း၀၅ အမျိုးသားရေးတေးကဗျာ
၃။ ၁၀း၅၀ ကျန်းမာသုတ
၄။ ၁၁း၃၀ မြတ်ဗုဒ္ဓ၏သာသနာ
၅။ ၁၂း၁၅ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု
၆။ ၁၂း၄၀ မြန်မာ့ရှုခင်း

■ ရှေ့ဖုံးမှအဆက်

ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့် ရှိသည်။

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ “ရဋ္ဌနန္ဒက”ဖြစ်ပြီး အဆိုပါဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၈ ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဍာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင်ရှေ့ခြေသည်း ၅ ခုစီနှင့် နောက်ခြေသည်း ၄ ခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၇ ချက်ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

အထက်ပါဆင်ဖြူတော်လေး “ရဋ္ဌနန္ဒက”မှာ ယခုအသက် ၁ နှစ်၊ ၁၀ လသားအရွယ်တွင် အရပ်အမြင့် ၄ ပေ ၂ လက်မ၊ ကိုယ်လုံးလုံးပတ် ၆ ပေ ၈ လက်မ၊ ကိုယ်အလေးချိန် ၁၃၄၂ ပေါင် ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ်၊ နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး “ရဋ္ဌနန္ဒက”မှာငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန်၊ ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် " Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့် သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန် မေ ၂၃

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ၌ ယနေ့မှစတင်၍ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံလျက်ရှိ



ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက်အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့်မူလတန်းအဆင့်ကျောင်းများကို ဇွန်လ ၃ ရက်တွင်စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံမှုသီတင်းပတ်အဖြစ် ယနေ့မှ ဇွန်လ ၂ ရက်အထိ သတ်မှတ်ထားကာ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်လက်ခံခြင်းများကို ယနေ့နံနက်ပိုင်းမှစတင်၍ ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများတွင် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာ၊ ဆရာမများက ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား၊ ကျောင်းသူများအဆင်ပြေချောမွေ့စွာကျောင်းအပ်နှံနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးကြပြီး ကျောင်းသား၊ ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနမှသတ်မှတ်ထားသော စာရေးကိရိယာများ၊ ကျောင်းသုံးစာအုပ်များနှင့်ကျောင်းဝတ်စုံအဖြူ အစိမ်းများကို တစ်ပါတည်း အခမဲ့ ထောက်ပံ့ပေးအပ်ကြသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ် “ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ကျောင်းအပ်ကြပါစို့”ကျောင်းအပ်နှံရေးသီတင်းပတ်ဆောင်ပုဒ်နှင့်အညီ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌ မိဘအုပ်ထိန်းသူများနှင့်ကျောင်းသား၊ ကျောင်းသူများလာရောက်ကျောင်းအပ်နှံလျက်ရှိသည်ကိုတွေ့ရသည်။

**သတင်း-ဓာတ်ပုံ စော်မင်းလတ်** -MNA

♦ ကျောဖုံးမှအဆက်

ဒုတိယဝန်ကြီးများ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တို့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးသည် ဗဟိုအဖွဲ့အတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမအကြိမ်အစည်းအဝေးဖြစ်ပြီး ပြီးခဲ့သည့်နှစ်များ၏ လုပ်ငန်းဆောင်ရွက်ချက်များကိုလည်း သုံးသပ်သွားရန်လိုကြောင်း၊ မြန်မာ့အထူးစီးပွားရေးဇုန်နှင့်ပတ်သက်၍ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ(၂၀၁၄) နှင့် နည်းဥပဒေများအပေါ်အခြေခံပြီး ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် လုပ်ငန်းစဉ်များအားလုံးကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီသေချာဖည်မှုမရှိအောင် ဂရုပြုဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အစည်းအဝေးများကျင်းပမှုကို ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပခြင်းဖြစ်သည့်အတွက် ရှုထောင့်ပေါင်းစုံမှ တက်ရောက်လာကြသည့်အဖွဲ့ဝင်အားလုံးကလည်း လိုအပ်ချက်များ၊ ဖြည့်စွက်ချက်များကို တတ်နိုင်သမျှပါဝင်ဆွေးနွေးပေးကြရန် ပြောကြားလိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဦးတည်ချက်များချမှတ်ပြီး ဆောင်ရွက်ရာတွင် အထူးစီးပွားရေးဇုန်အသီးသီး၏ ရည်မှန်းချက်နှင့် အကောင်အထည်ဖော်မှုများကလည်း နိုင်ငံတော်ကချမှတ်ထားသည့် ဦးတည်ချက်များနှင့် လိုက်လျောညီထွေဖြစ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်များပြားခြင်းသည် အဓိကအရေးပါသည့်အချက်နှစ်ချက်အဖြစ် ပါဝင်ပါကြောင်း၊ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က မကြာခဏ တိုက်တွန်းမှာကြားလျက်ရှိသည့် ကုန်ထုတ်လုပ်မှုအပိုင်းနှင့် ပို့ကုန်တိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ရေးကိစ္စတို့တွင် အထူးစီးပွားရေးဇုန်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စက်မှုဇုန်များနှင့် MSME လုပ်ငန်းများအပါအဝင် ကုန်ထုတ်လုပ်နိုင်သည့် နယ်ပယ်ပေါင်းစုံတို့က အရည်အသွေးမြှင့်ပို့ကုန်တိုးတက်ထုတ်လုပ်တင်ပို့နိုင်အောင် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်သလို ဇုန်များအလိုက်လည်း ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်ဖွံ့ဖြိုးအောင် ကြိုးပမ်းအကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအပိုင်း၌ အောင်မြင်ပြီး သီလဝါစီးပွားရေးဇုန်နှင့် လုပ်ငန်းစတင်ဆောင်ရွက်နေပြီဖြစ်သည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်များ ပိုမိုရင်းနှီးမြှုပ်နှံလာအောင် စည်းရုံးဆွဲဆောင်ကြရမည်ဖြစ်ကြောင်း၊ အလားတူ ထားဝယ်စီးပွားရေးဇုန်နှင့်ပတ်သက်၍လည်း ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားကြသည့် Developer များကို နည်းမျိုးစုံဖြင့် ဖိတ်ခေါ်လျက် ရင်းနှီးမြှုပ်နှံမှုအခွင့်အရေးရရှိရေး သက်ဆိုင်ရာဒေသ အာဏာပိုင်များ၊ အထူးစီးပွားရေးဇုန်အလိုက် စီမံခန့်ခွဲမှု ကြီးကြပ်ရေးကော်မတီများက ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

■■ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်များပြားခြင်းသည် အဓိကအရေးပါသည့်အချက်နှစ်ချက် အဖြစ်ပါဝင် . . .

■■ ဇုန်များတွင် Solar စနစ်ဖြင့် လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ပါက အခြားလိုအပ်သည့်ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် လျှပ်စစ်ဓာတ်အားကို ယခုထက်ပို၍ အချိန်တိုးမြှင့်ဖြန့်ဖြူးပေးနိုင်မည်ဖြစ် . . .




မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမအကြိမ်အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တို့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြစဉ်။

မိမိတို့နိုင်ငံရှိ အထူးစီးပွားရေးဇုန် ၃ ခုအနက် သီလဝါအထူးစီးပွားရေးဇုန်မှာ အောင်မြင်မှုရှိပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂ ဘီလီယံကျော်ခန့် ရှိသည်ဆိုသော်လည်း အိမ်နီးချင်းနိုင်ငံများ၊ အရှေ့တောင်အာရှနိုင်ငံများ၊ အာရှနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ရင်းနှီးမြှုပ်နှံမှုပမာဏ နည်းနေသေး၍ ရောက်ရှိသည့်အခြေအနေအပေါ် ကျေနပ်မနေဘဲ ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်အောင် နည်းလမ်းပေါင်းစုံဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ ရှိပြီးရင်းနှီးမြှုပ်နှံမှုများကိုမဆုံးရှုံးအောင်လည်း မိမိတို့ဝန်ထမ်းများ၏ လုပ်ပိုင်ခွင့်အပေါ် အာဏာအလွဲသုံးမှု၊ တရားမဝင်ကုန်သွယ်မှု၊ ငွေကြေးအလွဲသုံးမှုနှင့် စီမံခန့်ခွဲမှုချို့ယွင်းအားနည်းမှုတို့ မဖြစ်ပေါ်စေရေး တာဝန်ရှိသူအဆင့်ဆင့်မှ မျက်ခြည်မပြတ် ကြပ်မတ်စီမံဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် **ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်၊ ထားဝယ်အထူးစီးပွားရေးဇုန်၊ လက်ရှိအောင်မြင်စွာဆောင်ရွက်နေသည့် သီလဝါအထူးစီးပွားရေးဇုန်တို့ကို ယခုထက်တိုးတက်အောင်မြင်အောင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ ဗဟိုကော်မတီတွင်ပါဝင်သည့် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဆက်လက်ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်**ကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်တွင် Free Zone နှင့် Promotion Zone ရှိကြောင်း၊ Free Zone တွင် နိုင်ငံခြားသုံးငွေနှင့်စပ်လျဉ်း၍ အခက်အခဲမရှိသော်လည်း Promotion Zone တွင် ကုန်ကြမ်း၊ ချေးငွေများနှင့်စပ်လျဉ်း၍ အချို့အခက်အခဲများအား သက်ဆိုင်ရာလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌနှင့် နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီတို့က အတတ်နိုင်ဆုံး အဆင်ပြေအောင် ဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း အသိအမှတ်ပြုပါကြောင်း။

အလားတူ ကျောက်ဖြူအထူးစီးပွားရေးဇုန်ရှိ အဓိကဆောင်ရွက်ရမည့် မြေလျော်ကြေးကိစ္စနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်မူဝါဒရရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ဆောင်ရွက်ရမည့်လုပ်ငန်းများကို အမြန်ဆုံးပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့်စပ်လျဉ်း၍ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်း ညှိနှိုင်းဆွေးနွေးမှုအောင်မြင်ခဲ့ပြီး Long Stop Date သက်တမ်း ၁၈ လ သက်တမ်းထပ်မံတိုးမြှင့်ရာ ယခုအခါ ၄ လကျော် ၅ လ ရှိပြီးဖြစ်ကြောင်း၊ ကျန်ရှိနေသည့် ကာလအတွင်း မိမိတို့အပိုင်းမှ ပြီးပြတ်ရမည့်ကိစ္စ၊ နောက်ပိုင်းမှလုပ်ဆောင်ပေးရမည့်ကိစ္စများကိုလည်း ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း ဆောင်ရွက်ရမည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာကုမ္ပဏီ၊ အဖွဲ့အစည်းများကလည်း ၎င်းတို့၏ လုပ်ငန်းအစီအစဉ်များပါအတိုင်း ဆောင်ရွက်ရေးကိုလည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ အရေးကြီးသည်မှာ Long Stop Date ၁၈ လတာကာလအတွင်း နှစ်ဦးနှစ်ဖက်ဆောင်ရွက်ရန်ကိစ္စများကို ပြီးပြတ်အောင်ဆောင်ရွက်ကြရန်လိုကြောင်း။

ဆက်လက်ဆောင်ရွက်ရမည့် **အထူးစီးပွားရေးဇုန်များကိုလည်း မလိုလားအပ်သည့် လုပ်ငန်းကြန့်ကြာမှု၊ ကိုင်တွယ်မှုများနှင့်ပတ်သက်၍ အခက်အခဲမရှိအောင်နှင့် လုပ်ငန်းအဆင်ပြေချောမွေ့အောင်လုပ်ငန်းပိုင်း၊ နည်းဥပဒေနှင့် ဥပဒေအရပါ သေချာနားလည်အောင် ရှင်းလင်းပြသပြီး စည်းရုံးဆောင်ရွက်သွားကြရန်လို**ကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်မှ လိုအပ်သည့်ကုန်ကြမ်းများကို နိုင်ငံခြားမှတင်သွင်းမှုများရှိကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ ကုမ္ပဏီများနှင့် ညှိနှိုင်းဆောင်ရွက်ပေးနေသည်ကို တွေ့ရကြောင်း၊ အခက်အခဲသတ်မှတ်ချက်အနည်းဆုံးဖြစ်အောင် ဆက်လက်စီမံဆောင်ရွက်ပေးကြရန်လိုကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်မှ လိုအပ်သည့် ကုန်ကြမ်းများကို မိမိတို့နိုင်ငံတွင်ရှိနေသည့် MSME လုပ်ငန်းများမှ ပြည်တွင်းအရည်အသွေးမြင့်ကုန်ကြမ်းများ မှာယူနိုင်သည့်အဆင့်အထိ ရည်မှန်းချက်ထား ဆောင်ရွက်ရန်လိုအပ်ပြီး တစ်ဖက်ကလည်း အထူးစီးပွားရေးဇုန်တွင်ရှိနေသည့်စီမံခန့်ခွဲမှုကော်မတီများက ညှိနှိုင်းစီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ MSME လုပ်ငန်းရှင်များ၊ အေဂျင်စီများကို သက်ဆိုင်ရာဝန်ကြီးချုပ်များက တွန်းအားပေးပြီး ဒေသတွင်းထုတ်ကုန်များကို အရည်အသွေးမြင့်သည့် ကုန်ကြမ်းအဖြစ် အထူးစီးပွားရေးဇုန်များနှင့်ချိတ်ဆက်ပြီး ပေးသွင်းနိုင်ရေး အထူးစီးပွားရေးဇုန်တစ်ခုလုံးအတွက် လိုအပ်သည့် ကုန်ကြမ်းအားလုံးကို ပြည်ပသွင်းကုန်အစားထိုးထောက်ပံ့ပေးနိုင်သည်အထိ ရည်မှန်းချက်ထားဆောင်ရွက်သွားကြရန် ပြောလိုကြောင်း။

၂၀၂၄ ခုနှစ်၊ မတ်လစာရင်းအရ MSME လုပ်ငန်းမှထွက်ရှိသည့် ကုန်ပစ္စည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်မှုတွင် မြန်မာကျပ်ငွေ ၂ ဒသမ ၁ ဘီလီယံကျော် ရရှိခဲ့သည်ကို တွေ့ရကြောင်း၊ ယခုထက်ပို၍ အရည်အသွေးကောင်းမွန်သည့် ပို့ကုန်အစားထိုးသွင်းကုန်ပစ္စည်းများ ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရန်အတွက် စီမံခန့်ခွဲမှုကော်မတီအဖွဲ့နှင့် လုပ်ငန်းကော်မတီအဖွဲ့များ၊ MSME လုပ်ငန်းအဖွဲ့များကပါ လက်တွဲညီညီ ကြိုးစားသွားရမည်ဖြစ်ကြောင်း။

သီလဝါအထူးစီးပွားရေးဇုန်အနေဖြင့် ၂၀၂၄ ခုနှစ်၊ မတ်လအတွင်း အကောက်ခွန်ရရှိမှုမှာ ငွေကျပ် ၃၆၁ ဒသမ ၉၉၀ သန်းကျော်၊ ကုန်သွယ်လုပ်ငန်းခွန်ဝင်ငွေမှာ ငွေကျပ် ၄ ဒသမ ၆ ဘီလီယံ၊ ကြိုတင်ဝင်ငွေခွန် ငွေကျပ် ၇၆၀ ဒသမ ၆၈၀ သန်းရှိသည်ကို တင်ပြလာသည့်စာရင်းများအရ သိရှိရကြောင်း၊ မတ်လအတွင်း ပို့ကုန်ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၃၄၉ သန်းဖြစ်ပြီး သွင်းကုန်ပမာဏမှာ အမေရိကန်ဒေါ်လာ ၅၂ ဒသမ၂၇၈ သန်းဖြစ်ကြောင်း၊ ပို့ကုန်တန်ဖိုးနှင့် သွင်းကုန်တန်ဖိုး ကွာခြားချက်များအားလျှော့ချနိုင်ရန် Promotion Zone တွင်ရှိသည့်ကုမ္ပဏီများကို ပြည်ပသို့ ကုန်ပစ္စည်းတင်ပို့မှုများ ပိုမိုဆောင်ရွက်နိုင်စေရန် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များနှင့် စီမံခန့်ခွဲမှုကော်မတီက ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

သီလဝါအထူးစီးပွားရေးဇုန်တွင်ရှိသည့် ကုမ္ပဏီများအနေဖြင့် ၎င်းတို့ကိုယ်ပိုင် Solar စနစ်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်သုံးစွဲမှုနှင့်ပတ်သက်၍ အားပေးရမည်ဖြစ်ကြောင်း၊ **ဇုန်များတွင် Solar စနစ်ဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ပါက အခြားလိုအပ်သည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် လျှပ်စစ်ဓာတ်အားကို ယခုထက်ပို၍ အချိန်တိုးမြှင့်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်**ကြောင်း။

ထားဝယ်အထူးစီးပွားရေးဇုန်နှင့်ပတ်သက်၍ ဂျပန်၊ ထိုင်း၊ မြန်မာ စုပေါင်းဖွဲ့စည်းထားသည့် ငွေကြေးစုစည်းထောက်ပံ့မှုဆိုင်ရာလုပ်ငန်းအဖွဲ့ SPV (Special Purpose Vehicle) နှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းပြီး လုပ်သင့်လုပ်ထိုက်သည်များကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အလားတူ ထားဝယ်အထူးစီးပွားရေးဇုန်နှင့်ပတ်သက်၍ မကြာမီဆောင်ရွက်မည့် MOI (Memorandum Of Interest) လက်မှတ်ရေးထိုးမည့်ကိစ္စတွင် ပါဝင်သင့်ပါဝင်ထိုက်သည့်အချက်များကို မိမိတို့နိုင်ငံရှိ ဥပဒေပညာရှင်များ၊ လုပ်ထုံးလုပ်နည်းကျွမ်းကျင်သူများဖြင့် သေသေချာချာစိစစ်၍ ပြဋ္ဌာန်းချက်များနှင့်အညီ

**စာမျက်နှာ ၇ သို့** ♦

♦ စာမျက်နှာ ၆ မှအဆက်

နှစ်ဦးနှစ်ဖက် Win Win Situation ဖြစ်အောင်ပြင်ဆင်ဆွေးနွေးထားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းများဆောင်ရွက်သည့်နေရာတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် မျှော်တွေးပြီး အလေးထားညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးတွင် အထူးစီးပွားရေးဇုန်များ ဆောင်ရွက်ပြီးစီးမှုများ၊ ဆက်လက်ဆောင်ရွက်သွားရမည့် အစီအမံများကို တင်ပြပေးရန်နှင့် တက်ရောက်လာကြသူများက လိုအပ်သည့်အကြံပြုချက်များကို ဆွေးနွေးတင်ပြပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ (၁/၂၀၂၄)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ အတွင်းရေးမှူး (၁) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် အတွင်းရေးမှူး(၂) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံတို့က မြန်မာအထူးစီးပွားရေးဇုန်များ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့အတွင်းရေးမှူးနှင့် သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်များမှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့အစည်းအဝေးသို့တင်ပြသည့် အမှာစာများကိုဖတ်ကြားတင်ပြကြပြီး အတည်ပြုချက်ရယူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အကြံပြုချက်များနှင့် အထူးစီးပွားရေးဇုန်များအလိုက် လုပ်ငန်းဆောင်ရွက်နေမှုဆိုင်ရာကိစ္စများနှင့် ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမအကြိမ်အစည်းအဝေးဆုံးဖြတ်ချက် မှတ်တမ်း(?)ကို ဖတ်ကြားတင်ပြအတည်ပြုချက်ရယူသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(၁၀၀)

---

နေပြည်တော် မေ ၂၃

# အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)အား ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် သွားရောက်ကြည့်ရှုစစ်ဆေး





စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် ယမန်နေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)သို့ရောက်ရှိပြီး စက်ရုံအစည်းအဝေးခန်းမ၌ ထုတ်လုပ်မှုဆိုင်ရာကိစ္စရပ်များ၊ တိုးချဲ့စီမံကိန်းဆိုင်ရာလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက သံရည်ကျိုရန်အတွက် လိုအပ်သောကုန်ကြမ်းများဝယ်ယူရာတွင် အရည်အသွေးကောင်းမွန်သည့် ကုန်ကြမ်းများကိုသာ စိစစ်ရွေးချယ်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်ရုံရှိ ကုန်ကြမ်းများကိုလည်း အမျိုးအစားခွဲခြား၍ စနစ်တကျစုပုံထားရှိရန်၊ ယခင်နှစ်မှဝယ်ယူထားသည့် ကုန်ကြမ်း၊ ယာဉ်အို/ယာဉ်ဟောင်းများမှ ထွက်ရှိလာသည့် ကုန်ကြမ်းများသည် မည်မျှအထိ သံရည်ကျိုနိုင်မည်ကို တွက်ချက်ထားရှိရန်နှင့် လိုအပ်သောကုန်ကြမ်းများကို ဝယ်ယူမည့်အစီအမံများကိုလည်း ကြိုတင်ရေးဆွဲထားရန်၊ ထုတ်လုပ်မှုလုပ်ငန်းများလျှာထားချက်ထက် ကျော်လွန်အောင် ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ရန်၊ တိုးချဲ့စီမံကိန်းလုပ်ငန်းများရှိ စက်တပ်ဆင်ရေးလုပ်ငန်းများ၊ စက်ပစ္စည်းများပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် အဖွဲ့များဖွဲ့စည်း၍ စနစ်တကျဆောင်ရွက်ရန်၊ စက်အရန်ပစ္စည်းများ ဝယ်ယူရာတွင် စက်ပစ္စည်း၏ အချက်အလက်များ၊ အရည်အသွေးများကို စနစ်တကျသတ်မှတ်၍ဆောင်ရွက်ရန်၊ စက်ရုံရှိ ပုံသေပိုင်ပစ္စည်းများ၊ စီမံကိန်းဝင်စက်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်မှ အလေးထားကြပ်မတ်ဆောင်ရွက်ရန်၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ အဂတိတရားကင်းရှင်းစွာ ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က စီမံကိန်းစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး စက်ရုံမှူးက စက်ရုံမှထုတ်လုပ်သည့် လေးထောင့်ပုံသံမဏိချောင်းများကိုဆောက်လုပ်ရေးလုပ်ငန်းများတွင်အသုံးပြုသည့် သံမဏိချောင်းများထုတ်လုပ်နိုင်ရေးအတွက် အမှတ်(၁)သံမဏိစက်ရုံ(ကျောက်စွယ်ကျိုး)သို့ပေးပို့ထားရှိမှု၊ ကုန်ကြမ်းလက်ကျန်အခြေအနေ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်မည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက စက်ပစ္စည်း၊ အဆောက်အဦ၊ ဝန်ထမ်း၊ စာရွက်စာတမ်း၊ သတင်းလုံခြုံမှုရှိစေရေး အထူးအလေးထားဆောင်ရွက်ရန်နှင့် မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေး ကြပ်မတ်ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် စက်ရုံလုံခြုံရေးအစီအမံ ဆောင်ရွက်ထားရှိမှု၊ Hot Strip Mill တွင် စက်ပစ္စည်းများ တပ်ဆင်ထားရှိမှု၊ သံရည်ကျိုအလုပ်ရုံ(၂)တွင် စက်ပစ္စည်းများ စစ်ဆေးပြုပြင်နေမှု၊ ကုန်ကြမ်းများစုပုံထားရှိမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

---

## " ပညာရေးဝန်ကြီးဌာန ၂၀၂၄-၂၀၂၅ ပညာသင်နှစ်" မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

- ❖ မြို့နယ်အလိုက်သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
- ❖ ငွေကြေး သို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်းမပြုပါရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေးဆောင်ရွက်ပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်။
- ❖ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာမသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့်ညီညွတ်သောလူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ပေးရန်နှင့် ဆေးကုသမှုခံယူနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်နှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား သတ်မှတ်ကြိမ်ရေပြည့်မီအောင် ထိုးနှံကြပါရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။
- ❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော်သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

" ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့ "

နေပြည်တော်    မေ    ၂၃

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သပြေဝ-၃ (၃၀) မဂ္ဂါဝပ်နှင့်သာစည် (၃၀)မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ ဖွင့်ပွဲအခမ်းအနားကျင်းပ



လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အကောင်အထည်ဖော် တည်ဆောက်ပြီးစီးခဲ့သည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သပြေဝ-၃ (၃၀) မဂ္ဂါဝပ်နှင့် သာစည် (၃၀) မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View Hotel ၌ ကျင်းပသည်။

အဆိုပါ ဓာတ်အားပေးစက်ရုံများ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ Natural Solar Power Co., Ltd. နှင့် Great Success Energy Co., Ltd. တို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းက သပြေဝ-၃ (၃၀) မဂ္ဂါဝပ်နှင့် သာစည် (၃၀) မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ ဖွင့်ပွဲအခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် သပြေဝ-၃ နှင့် သာစည် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ အကောင်အထည်ဖော်တည်ဆောက်ခဲ့မှု မှတ်တမ်း Video Clip ကို ကြည့်ရှုကြသည်။

ယင်းနောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက် (၂)ရပ်ဖြစ်သည့် "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး" လုပ်ငန်းစဉ်များ အောင်မြင်စေရေးအတွက် စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးနှင့်မွေးမြူရေး၊ MSME လုပ်ငန်းများတိုးတက်ဖြစ်ထွန်းရေး၊ အရည်အသွေးမြင့်မားသည့် ပညာရေးစနစ်ဖြစ်ပေါ်စေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွက်လာစေရေးအတွက် လျှပ်စစ်ဓာတ်အားရရှိရေးသည် များစွာအရေးပါသည့်အတွက် တစ်နိုင်ငံလုံးမှ ပြည်သူအားလုံး သာတူညီမျှ ရရှိသုံးစွဲနိုင်ရေးအတွက် ရည်မှန်းချက်ထားကာ မူဝါဒများချမှတ်ပြီး **"၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား ရာနှုန်းပြည့်သုံးစွဲရရှိရေး"** အတွက် စွမ်းအင်အရင်းအမြစ်အမျိုးမျိုးမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးနိုင်ရေး စီမံချက်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၂၁ ခုနှစ် ဇူလိုင်လတွင် အတည်ပြုခဲ့သော မြန်မာနိုင်ငံ အမျိုးသားအဆင့်ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ် (Nationally Determine Cotribution-NDC) အရ ၂၀၃၀ ပြည့်နှစ်တွင် ရေအားလျှပ်စစ်ပါဝင်မှု ၂၈ ရာခိုင်နှုန်း (၅၁၅၆ မဂ္ဂါဝပ်)၊ နေရောင်ခြည်နှင့် လေစွမ်းအင်ကဲ့သို့ ပြန်ပြည့်မြဲစွမ်းအင် ပါဝင်မှု ၁၁ ရာခိုင်နှုန်း (၂၀၀၀ မဂ္ဂါဝပ်) လျာထားရေးဆွဲထားပါကြောင်း၊ လက်ရှိအချိန်တွင် နေရောင်ခြည်စွမ်းအင်မှ ၃ ဒသမ ၃ ရာခိုင်နှုန်း ပါဝင်ထုတ်လုပ်လျက်ရှိပြီး ထပ်မံ၍နေရောင်ခြည်နှင့်လေစွမ်းအင်တို့ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး စူးစမ်းလေ့လာနေမှုများကိုလည်း MOU၊ MOA၊ LOA များ လက်မှတ်ရေးထိုးဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် နေနှင့် လေစွမ်းအင်ဖြင့် ဓာတ်အားထုတ်လုပ်နိုင်မှု ပါဝင်မှုအချိုးအစားသည် မိမိတို့ရည်မှန်းထားသည့် ၁၁ ရာခိုင်နှုန်းကို ပြည့်မီရောက်ရှိလာမည် ဖြစ်ပါကြောင်း။

ထိုသို့ ရည်မှန်းချက်ထား အကောင်အထည်ဖော်ဆောင်ရွက်မှုများ၏ ရလဒ်တစ်စိတ်တစ်ပိုင်းဖြစ်သည့် ယခုတည်ဆောက်ပြီးစီးခဲ့သော Natural Solar Power Co., Ltd. ၏ သပြေဝ-၃ (၃၀ မဂ္ဂါဝပ်) နှင့် Great Success Energy Co., Ltd. ၏ သာစည် (၃၀ မဂ္ဂါဝပ်) နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများသည် Build -Operate - Own - BOO (တည်ဆောက်/လည်ပတ်/ပိုင်ဆိုင်)စနစ်ဖြင့် အကောင်အထည်ဖော်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး စုစုပေါင်းတပ်ဆင်အင်အား ၆၀ မဂ္ဂါဝပ်ဖြစ်၍ တစ်နှစ်လျှင် စုစုပေါင်း လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း ၁၄၈ သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်၍ အိမ်ထောင်စုပေါင်း ၉၉၀၀၀ ခန့်ကို လျှပ်စစ်ဓာတ်အား ထပ်တိုးဖြန့်ဖြူးပေးနိုင်မည်လည်းဖြစ်ပါကြောင်း၊ သပြေဝ-၃ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းကို ၁၃ လအတွင်း တည်ဆောက်ခဲ့ပြီး ထွက်ရှိလာသည့် ဓာတ်အားကို ၃၃ ကေဗွီဓာတ်အားလိုင်းဖြင့် ၂၃၀ ကေဗွီ သပြေဝပင်မဓာတ်အားခွဲရုံသို့ ၂၀၂၄ ခုနှစ် မတ်လ ၃၀ ရက်တွင်လည်းကောင်း၊ သာစည်နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းကို ၁၄ လအတွင်း တည်ဆောက်ခဲ့ပြီး ထွက်ရှိလာသည့်ဓာတ်အားကို ၃၃ ကေဗွီဓာတ်အားလိုင်းဖြင့် ၂၃၀ ကေဗွီ သာစည်ပင်မဓာတ်အားခွဲရုံသို့ ၂၀၂၄ ခုနှစ် ဧပြီလ ၃၀ ရက်တွင်လည်းကောင်း အသီးသီးချိတ်ဆက်၍ ဓာတ်အားစနစ်သို့ ချိတ်ဆက်ပို့လွှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ဓာတ်အားစနစ်ကွန်ရက်အတွင်းတွင် ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သော နေရောင်ခြည်စွမ်းအင်ကို အသုံးပြုပြီး လျှပ်စစ်ဓာတ်အားများ ချိတ်ဆက်ပို့လွှတ်လျက်ရှိသည့် ဓာတ်အားပေးစက်ရုံ ၆ ရုံရှိရာမှ ယခုထပ်မံ၍ ၂ ရုံမှ ထွက်ရှိသော ဓာတ်အားများကိုလည်း နိုင်ငံတော်ဓာတ်အားစနစ်အတွင်းသို့ ထပ်မံချိတ်ဆက်ပို့လွှတ်နိုင်ပြီဖြစ်သည့်အတွက် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ ၈ ရုံစုစုပေါင်း တပ်ဆင်စက်အင်အား ၂၄၀ မဂ္ဂါဝပ်အထိ တိုးတက်ထုတ်လုပ်နိုင်ပြီဖြစ်ပါကြောင်း၊ လက်ရှိအချိန်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတွင် စွမ်းအင်အရင်းအမြစ်ပါဝင်မှု အချိုးအစား (Generation Mix) အားဖြင့် ရေအား ၄၅ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့ ၅၀ ရာခိုင်နှုန်း၊ နေရောင်ခြည် ၃ ရာခိုင်နှုန်း၊ ကျောက်မီးသွေး ၂ ရာခိုင်နှုန်းတို့ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်လျက်ရှိပါကြောင်း။

လက်ရှိအချိန်တွင် စွမ်းအားပြည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် ဓာတ်အားပေးစက်ရုံများနှင့် ဓာတ်အားလိုင်းဆိုင်ရာ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို နှစ်စဉ်မပြတ်မနေဆောင်ရွက်လျက်ရှိသောကြောင့် လျှပ်စစ်ဓာတ်အား ထိန်းညှိထုတ်လုပ်ဖြန့်ဖြူးနေမှုမှာ ၂၉၅၀ မဂ္ဂါဝပ်ခန့်သာရှိပါကြောင်း၊ သို့ရာတွင် ခန့်မှန်းဓာတ်အားလိုအပ်ချက်မှာ ၄၂၀၀ မဂ္ဂါဝပ်ခန့်ရှိသောကြောင့် အများပြည်သူ မီးသုံးစွဲမှုများသော နံနက်ပိုင်းနှင့် ညနေပိုင်းအချိန်များတွင် ဓာတ်အား ၁၂၅၀ မဂ္ဂါဝပ်ခန့်ကို ဝန်အား ထိန်းညှိလျှော့ချခြင်းများဆောင်ရွက်နေရပြီး ဓာတ်အားလိုင်းထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကိုလည်း တစ်ချိန်တည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာန၏ဆောင်ရွက်ချက်များကို နားလည်သဘောပေါက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များအပေါ် ပြည်သူများမှလည်း ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ Natural Solar Power Co.,Ltd. နှင့် Great Success Energy Co.,Ltd. မှ တာဝန်ရှိသူက နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းများ တည်ဆောက်ရခြင်း၏ အကျိုးကျေးဇူးများနှင့် ဓာတ်အားပေးစက်ရုံစီမံကိန်းများ တည်ဆောက်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် အခမ်းအနားသို့ တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
   (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
   (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
   (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
   (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
   (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
   (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
   (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
   (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
   (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
   (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
   (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
   (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
   (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေး ဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

နေပြည်တော် မေ ၂၃

# ပြည်ထောင်စုနယ်မြေ နေပြည်တော် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက်

ပြည်ထောင်စုနယ်မြေ နေပြည်တော် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့၏ (၁/၂၀၂၄) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ ပြည်ထောင်စုနယ်မြေ နေပြည်တော် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုနယ်မြေ နေပြည်တော် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့နှင့် လုပ်ငန်းကော်မတီများ အနေဖြင့် မိုးလေဝသဖြစ်စဉ်များကို မပြတ်လေ့လာပြီး မိမိတို့ဒေသတွင် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ ကြိုတင်ကာကွယ်ခြင်း၊ ရှာဖွေကယ်ဆယ်ခြင်း၊ ကူညီကယ်ဆယ်ခြင်း၊ လုပ်ငန်းများကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူလူထုများနှင့် ပူးပေါင်းပြီး အချိတ်အဆက်မိမိဖြင့် တုံ့ပြန်ဆောင်ရွက်နိုင်ရေး အစီအမံများချမှတ်ပြီး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိဒေသတွင်ရှိသည့် ပြည်သူလူထု၏အသက်၊ အိုးအိမ်၊ စည်းစိမ်များထိခိုက်မှုနည်းနိုင်သမျှ နည်းအောင် စနစ်တကျစုဖွဲ့ပြီး ကာကွယ်ကူညီပေးခြင်း၊ စီမံခန့်ခွဲမှုကိစ္စရပ်များကို သက်ဆိုင်ရာဌာနအားလုံးက မြန်မြန်ဆန်ဆန် ထိထိရောက်ရောက် နည်းလမ်းမှန်မှန်ဖြင့် အကောင်းဆုံး ကူညီဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုနှင့် ရာသီဥတုဖောက်ပြန်မှုများကို လျှော့ချနိုင်ရေးအတွက် အမြဲစိမ်းသစ်တော၊ သစ်ပင်များ စိုက်ပျိုးကြရမည်ဖြစ်ကြောင်း၊ ဆည်ရေဝေရေလဲများတွင် အမြဲစိမ်းသစ်ပင်များ စိုက်ပျိုးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူးက အနောက်တောင်မုတ်သုံလေဝင်ရောက်လာမှုနှင့် မိုးလေဝသအခြေအနေများကို လည်းကောင်း၊ နေပြည်တော်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဦးစီးမှူးက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း သဘာဝဘေးဖြစ်ပွားမှုနှင့် ပတ်သက်၍ ဆောင်ရွက်ချက်များကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး လုပ်ငန်းကော်မတီအသီးသီးမှ အတွင်းရေးမှူးများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်ပတ်သက်၍ ပေါင်းစပ်ဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားသည်။

ဆက်လက်၍ ၂၀၂၄ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပရာ နေပြည်တော် အားကစားနှင့် ကာယပညာကော်မတီနာယက နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများသည် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ဖြစ်သည့် တပ်ကုန်းမြို့နယ်အသင်းနှင့် ပုဗ္ဗသီရိမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ အကောင်းဆုံးဂိုးသမားဆု၊ နောက်တန်းအကောင်းဆုံး အားကစားသမားဆု၊ အလယ်တန်းအကောင်းဆုံး အားကစားသမားဆု၊ ရှေ့တန်းအကောင်းဆုံး အားကစားသမားဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုများကို တက်ရောက်လာကြသည့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ရာ ဆုရရှိသူများက လက်ခံရယူကြသည်။

ထို့နောက် တတိယဆုရရှိသည့် ပျဉ်းမနားမြို့နယ်အသင်း၊ ဒုတိယဆုရရှိသည့် တပ်ကုန်းမြို့နယ်အသင်းတို့ကို နေပြည်တော်ကောင်စီဝင်များက တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်ပြီး ပထမဆုရရှိသည့် ပုဗ္ဗသီရိမြို့နယ်အသင်းကို နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက တစ်ဦးချင်းဆုတံဆိပ်များကိုပေးအပ်ချီးမြှင့်ပြီး နေပြည်တော် အားကစားနှင့်ကာယပညာကော်မတီနာယက နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ပထမဆုရရှိသည့် ပုဗ္ဗသီရိမြို့နယ်အသင်းကို တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

## သားသမီးလိမ္မာတော်တတ်ဖို့ ကျောင်းအပ်ကြပါစို့

* ပန်းကလေးတွေ၊ ဖူးပွင့်စေရန်
ရေလောင်းပေါင်းသင်၊ ပြုစုသွင်သို့
သင်၏ရင်သွေး၊ တော်တတ်ရေးကို
ရှေးရှုတွေးကာ၊ ကျောင်းတော်သာတွင်
ပညာသင်ရေး ကျောင်းအပ်ပေး။

* ပညာတတ်မှ
ဘဝလမ်းမှာ၊ လျှောက်လှမ်းရာဝယ်
ကြုံလာကိစ္စ၊ အဝဝအား
မှားမှန်ကောင်းဆိုး၊ ကျိုးကြောင်းဆက်စပ်
သုံးသပ်ဖြေရှင်း၊ ကျော်လွှားခြင်းဖြင့်
ဆောင်ကြဉ်းနိုင်ကာ အောင်မြင်မှာ။

* ယဉ်ကျေးလိမ္မာ၊ ထက်မြက်ပါ၍
သွားလာလှုပ်ရှား၊ ပြောဆိုပြောရာ
လူသားချင်းတူ၊ ခေါင်းပိုသူသွင်
တစ်မူထူးကာ ကောင်းမြတ်သာ။

* ထို့ကြောင့်တွေးဆ၊ အို. . . မိဘတို့
ရင်မှလွယ်ဖွား၊ သမီးသားကို
စိတ်ထားလည်းပြင်၊ စာလည်းသင်၍
ယဉ်ကျေးလိမ္မာ၊ တော်တတ်လာပြီး
ပညာရဲရင့်၊ ပွဲလယ်တင့်ရေး
ချင့်တွေးပါလို့ ကျောင်းအပ်စို့။ ။

**မနောသစ်(ပခုက္ကူ)**

နေပြည်တော် မေ ၂၃

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ်ကျောင်းအပ်နှံနေမှုများကို ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း လှည့်လည်ကြည့်ရှုအားပေး

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းသည် အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ လေ့လာဆန်းစစ်အကဲဖြတ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ဆွေထွန်း၊ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်း၊ နေပြည်တော်ကောင်စီနယ်မြေ ပညာရေးမှူး ဒေါက်တာကျော်လွင်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘပြည်သူများ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံနေကြသည်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။


ထိုသို့ ကြည့်ရှုအားပေးရာတွင် ဒုတိယဝန်ကြီးက သက်ဆိုင်ရာတာဝန်ရှိသူများကို ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းသို့ရောက်ရှိရေး၊ အနည်းဆုံး အခမဲ့အလယ်တန်းပညာ (KG+9)ပြီးမြောက်ရေး အလေးအနက်ထားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စာတတ်ရုံမျှမက မိမိနိုင်ငံနှင့်လူမျိုးကို တန်ဖိုးထားသည့်စိတ်၊ တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးသည့်စိတ်၊ မိမိနိုင်ငံ၏ ယဉ်ကျေးမှုကို တန်ဖိုးထားထိန်းသိမ်းလိုစိတ်များ ဖြစ်ထွန်းရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိပါကြောင်း၊ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းအပ်နှံရေးအတွက် သက်ဆိုင်ရာမိဘအုပ်ထိန်းသူများ၊ ရပ်ရွာလူထုများ၊ ဌာနဆိုင်ရာများအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်းမှာကြားကာ ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်၍ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။




ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် မေလ ၂၃ ရက်မှ ဇွန်လ ၂ ရက်အထိ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများအသီးသီးတွင် ကျောင်းအပ်နှံရေးလက်ခံဆောင်ရွက်သွားမည်ဖြစ်ပြီး ကျောင်းအပ်နှံသည့် ကလေးများအား ကျောင်းသုံးပြဋ္ဌာန်းပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်နှင့် ကျောင်းဝတ်စုံတို့ကို အခမဲ့ဖြန့်ဝေပေးလျက်ရှိသည်။ **(သတင်းစဉ်)**


နေပြည်တော် မေ ၂၃

# အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်မြေပြိုခြင်းအန္တရာယ်များဖြစ်ပေါ်နိုင်




ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area) သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အရှေ့မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် ၂၄-၅-၂၀၂၄ ရက် နံနက်ပိုင်းတွင် မုန်တိုင်းငယ် (Depression)အဖြစ်သို့ ရောက်ရှိနိုင်သည်။ ထို့နောက် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ၂၅-၅-၂၀၂၄ ရက် နံနက်ပိုင်းတွင် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်း၌ ဆိုင်ကလုန်းမုန်တိုင်း (Cyclonic Storm)အဖြစ်သို့ ရောက်ရှိနိုင်ကာ မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm)အဖြစ်သို့ အားကောင်းလာနိုင်သည်။ အဆိုပါ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းသည် ၂၆-၅-၂၀၂၄ ရက် ညနေပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့သို့ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။




**သတိပေးနှိုးဆော်ချက်**

အဆိုပါအားကောင်းသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် ယနေ့ညမှ ၂၇-၅-၂၀၂၄ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့နေရာများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်နိုင်သည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် ၂၃-၅-၂၀၂၄ ရက်မှ ၂၅-၅-၂၀၂၄ ရက်အတွင်း တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်ပြီး လှိုင်းအမြင့်မှာ ၉ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် ၂၃-၅-၂၀၂၄ ရက်မှ ၂၄-၅-၂၀၂၄ ရက်အတွင်း တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်ပြီး လှိုင်းအမြင့်မှာ ၉ ပေမှ ၁၃ ပေခန့်၊ ၂၅-၅-၂၀၂၄ ရက်မှ ၂၆-၅-၂၀၂၄ ရက်အတွင်း တစ်နာရီလျှင် မိုင် ၅၀ မှ မိုင် ၆၀ အထိ တိုက်ခတ်နိုင်ပြီး လှိုင်းအမြင့်မှာ ၁၃ ပေမှ ၁၆ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အသိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

ပဲခူး မေ ၂၃

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ ပထမအကြိမ် ဆီဆွမ်းလောင်းလှူပွဲကျင်းပ

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှဦးဆောင်၍ ပထမအကြိမ် ဆီဆွမ်းလောင်းလှူပွဲအား ၁၃၈၆ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓနေ့ ယမန်နေ့ နံနက်ပိုင်းက ပဲခူးမြို့ ရွှေဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ပညာယျစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အလှူရှင်များ တက်ရောက်လောင်းလှူပူဇော်ခဲ့သည်။

ရှေးဦးစွာ ကြွရောက်လာသည့် သံဃာတော်အပါး ၁၀၀၀ တို့က နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဘုရားကန်တော့ကြပြီး မေတ္တသုတ်ပရိတ်တော်များ ရွတ်ပွားပူဇော်သည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဌာနဆိုင်ရာများ၊ စေတနာရှင်အလှူရှင်များနှင့် လူမှုရေးအသင်းအဖွဲ့တို့၏ ဆီဆွမ်းလောင်းလှူပွဲတွင် ပါဝင်လောင်းလှူမည့် လှူဖွယ်ဝတ္ထုပစ္စည်းများခင်းကျင်းပြသထားမှုနှင့်စတုဒိသာကျွေးမွေးနေမှုတို့အား လိုက်လံကြည့်ရှုအားပေးပြီး အလှူရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဘုရားအမှူးရှိသော သံဃာတော်အပါး ၁၀၀၀ နှင့် သီလရှင်အပါး ၁၀၀ တို့အား ဆီဆွမ်းနှင့် အခြားလှူဖွယ်ဝတ္ထုပစ္စည်းများအား ဌာနဆိုင်ရာများ၊ စေတနာရှင်ပြည်သူများနှင့်အတူ သဒ္ဓါကြည်ဖြူစွာ ဆက်ကပ်လောင်းလှူပူဇော်ခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ဆရာတော်၊ သံဃာတော်အပါး ၁၀၀၀ အတွက် သပိတ်ဆွမ်းနှင့် ဆွမ်းဟင်းချိုင့်၊ သီလရှင်အပါး ၁၀၀ အတွက် ဆွမ်းချိုင့်တို့အား နေ့ဆွမ်းအဖြစ် ထပ်မံဆက်ကပ်လောင်းလှူခဲ့သည်။


ပဲခူးမြို့တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆီဆွမ်းလောင်းလှူပူဇော်ပွဲအား ပထမဆုံးအကြိမ် ကျင်းပခဲ့ခြင်းဖြစ်ပြီး ဌာနဆိုင်ရာများ၊ စေတနာရှင်ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၏ စုပေါင်းအားဖြင့် ဆီပိဿာချိန် ၂၂၀၀ အပြင် အခြားလှူဖွယ်ဝတ္ထုစုစုပေါင်းငွေကျပ်သိန်း ၁၀၀၀ ကျော် လောင်းလှူပူဇော်နိုင်ခဲ့ကြောင်း သိရသည်။

**(၄၀၁)၊ တင်စိုး(ပဲခူး)**

နေပြည်တော် မေ ၂၃

# အနောက်တောင်မုတ်သုံလေ ဝင်ရောက်သည့်အခြေအနေ

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ တောင်ပိုင်းဒေသများ၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းသို့ ဝင်ရောက်ခဲ့ပြီးဖြစ်ပါသည်။ **(မိုး/ဇလ)**




၂၀၂၄ခုနှစ်၊ မြန်မာနိုင်ငံတောင်ပိုင်းသို့
အနောက်တောင်မုတ်သုံလေ ဝင်ရောက်သည့်ရက် ပြပုံ

**♫♫ သဇင်(FM) အသံလွှင့် အစီအစဉ် ♫♫**

၂၄-၅-၂၀၂၄(သောကြာနေ့)

၁။ ၀၈း၀၀ နှလုံးသားဝယ် ဘုရားတည်
၂။ ၁၂း၁၅ Special Music Time
၃။ ၁၅း၀၀ တော်ဝင်ပန်းလေးသဇင်
၄။ ၁၇း၀၀ ထူးခြားထင်ရှားကမ္ဘာတစ်လွှား
၅။ ၂၀း၂၀ မြန်မာသံစဉ် (ကာလပေါ်)
၆။ ၂၁း၄၀ Love Dictionary

နေပြည်တော်  မေ  ၂၃

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှုများစတင်



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း အခြေခံပညာကျောင်းများ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံနေမှုကို ကြည့်ရှုအားပေးစဉ်။



ကြံ့ဒေသတိုင်းစစ်ဌာနချုပ်ရှိ အခြေခံပညာကျောင်းများ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းအပ် လက်ခံနေမှုကို တွေ့ရစဉ်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အခြေခံပညာကျောင်းများ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းလာရောက်အပ်နှံသည့် ကျောင်းသားများအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ထောက်ပံ့ပေးအပ်သည့် စာရေးကိရိယာများနှင့် ကျောင်းသုံးစာအုပ်များကို ပေးအပ်စဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အခြေခံပညာကျောင်းများ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းအပ် လက်ခံနေမှုကို တွေ့ရစဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ်ရှိ အခြေခံပညာကျောင်းများ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းအပ် လက်ခံနေမှုကို တွေ့ရစဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ရှိ အခြေခံပညာကျောင်းများ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းအပ် လက်ခံနေမှုကို တွေ့ရစဉ်။



ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းအပ် လက်ခံနေမှုကို တွေ့ရစဉ်။



နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းအပ် လက်ခံနေမှုကို တွေ့ရစဉ်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများကို ဇွန်လ ၃ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံမှုသီတင်းပတ်အဖြစ် ယနေ့မှ ဇွန်လ ၂ ရက်အထိ သတ်မှတ်၍ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်နှံမှု လက်ခံခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းအသီးသီး၌ ကျောင်းအပ်လက်ခံခြင်းများကို ယနေ့နံနက်ပိုင်းမှ စတင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများအလိုက် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာ၊ ဆရာမများက ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံနိုင်ရေး ဆောင်ရွက်ပေးကြပြီး ကျောင်းသား၊ ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ထောက်ပံ့ပေးအပ်သည့် စာရေးကိရိယာများနှင့် ကျောင်းသုံးစာအုပ်များကိုလည်း တစ်ပါတည်း ထောက်ပံ့ပေးအပ်ကြသည်။

ကျောင်းအပ်နှံရေးသီတင်းပတ်၏ ပထမဆုံးရက်ဖြစ်သည့် ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌ ကျောင်းအပ်နှံသူ ၁၇၉၂၈၀၈ ဦးရှိပြီး ကျောင်းများ၏လုံခြုံရေးနှင့် ကျောင်းအပ်နှံမှုလက်ခံဆောင်ရွက်သည့် ဆရာ၊ ဆရာမများ၊ လာရောက်ကျောင်းအပ်နှံကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၏လုံခြုံရေးအတွက် သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်းသိရှိရသည်။

စာမျက်နှာ ၁၂ သို့ ❖



အနောက်တောင်တိုင်း စစ်ဌာနချုပ်ရှိ အခြေခံပညာကျောင်းများ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။



အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်နိုင် အခြေခံပညာကျောင်းများ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံနေမှုကို ကြည့်ရှုအားပေးစဉ်။



အနောက်မြောက်တိုင်း စစ်ဌာနချုပ်ရှိ အခြေခံပညာကျောင်းများ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းအပ် လက်ခံနေမှုကို တွေ့ရစဉ်။



တောင်ပိုင်းတိုင်း စစ်ဌာနချုပ်ရှိ အခြေခံပညာကျောင်းများ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းအပ် လက်ခံနေမှုကို တွေ့ရစဉ်။

❖ စာမျက်နှာ ၁၁ မှအဆက်

ယင်းသို့ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံနေမှုများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

နေပြည်တော် မေ ၂၃

# အခြေခံနှင့်တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၄)မှ သင်တန်းသားများ၊ နည်းပြအုပ်ချုပ်သူ၊ ဆရာ၊ ဆရာမများ ရန်ကုန်မြို့၌ လေ့လာရေးခရီးစဉ်များ ဆက်လက်ဆောင်ရွက်







အခြေခံနှင့်တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ် (၁/၂၀၂၄)မှ သင်တန်းသားများ၊ နည်းပြအုပ်ချုပ်သူ၊ ဆရာ၊ ဆရာမများ လှိုင်မြို့နယ်ရှိ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာကြစဉ်။

အခြေခံနှင့်တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ် (၁/၂၀၂၄)မှ သင်တန်းသားများ၊ နည်းပြအုပ်ချုပ်သူ၊ ဆရာ၊ ဆရာမများသည် လေ့လာရေးခရီးစဉ်အဖြစ် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်ရှိ နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများကကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် လေ့လာရေးခရီး လာရောက်ကြသော လေကြောင်းလူငယ် သင်တန်းသားများအား ပြခန်း ခန်းမဆောင်တွင် ပြသထားသော နျူကလီးယားနည်းပညာ အသုံးပြု၍ ရောဂါရှာဖွေမှု(ကိုမိုဂရမ်) နမူနာပုံစံ၊ အသေးစား လျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုအမျိုးအစားတစ်ခုဖြစ်သော RHM-200 ၏ အတွင်းပိုင်း ပါဝင်ပစ္စည်းများနှင့် အလုပ်လုပ်ပုံပြနမူနာပုံစံ၊ ခန္ဓာကိုယ်၏ ဓာတ်ရောင်ခြည်ပမာဏကို တိုင်းတာပြီး သဘာဝပတ်ဝန်းကျင်ရှိ အရာဝတ္ထုပစ္စည်းများတွင်ပါရှိသည့် ဓာတ်ရောင်ခြည်ပမာဏနှင့် နှိုင်းယှဉ်ဖော်ပြပေးသည့် Radiometer စက်၊ နျူကလီးယားနည်းပညာဆိုင်ရာ အခြေခံအကြောင်းအရာများကို မေးခွန်းများမေး၍ဖြေကြားနိုင်သည့် ပဟေဠိဂိမ်း စနစ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေ စသည့် သဘာဝပတ်ဝန်းကျင်ရှိ အရာဝတ္ထုများတွင် ထွက်ရှိလျက်ရှိသော ရေဒီယိုသတ္တိကြွမှုကို တိုင်းတာဖော်ပြပေးသည့် စက်၊ နျူကလီးယားဓာတ်ပေါင်းဖိုတစ်ခု၏ အတွင်းပိုင်းတွင် ပါဝင်သည့်ပစ္စည်းများနှင့် အဆင့်ဆင့်တည်ဆောက်ပုံကို 3 D Virtual နည်းပညာဖြင့် ပုံဖော်ပြသသည့်ပုံစံငယ်နှင့် လေအားအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် Wind Turbine နမူနာပုံစံငယ်တို့အား တာဝန်ရှိသူများက အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဗီဒီယိုပြခန်းမဆောင်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဂုဏ်ပြုသရုပ်ဖော်ပြသသည့် သီချင်း MTV၊ အသေးစား လျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုများ၏ အရေးပါမှုနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSA-TOM ၏ အသေးစားလျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုတည်ဆောက်မှုအတွေ့အကြုံများ ရှင်းလင်းတင်ပြမှု ဗီဒီယိုပြကွက်၊ နျူကလီးယားနှင့် ဓာတ်ရောင်ခြည်ဆိုင်ရာ အခြေခံအကြောင်းအရာများကို မြန်မာဘာသာဖြင့် ရှင်းလင်းပြောကြားထားသည့် ပြကွက်များ၊ ပိုစတာပြခန်းတွင် နျူကလီးယားနည်းပညာဖြင့် ကျန်းမာရေး၊ စွမ်းအင်ထုတ်လုပ်ရေး၊ ပညာရေး၊ စက်မှုလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးကဏ္ဍအသီးသီးတွင် လက်တွေ့ကျကျအသုံးပြုနေခြင်းဆိုင်ရာပိုစတာများကို လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့


ဓာတ်ပုံ-ကျော်စွာ(စဥ့်ကိုင်)

ပညာရေးဝန်ကြီးဌာနသည် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူများအားလုံး ကျောင်းအပ်နှံနိုင်ရေးအတွက် မေလ ၂၃ ရက်မှ ဇွန်လ ၂ ရက်အထိကာလကို ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ်သတ်မှတ်ထားသည်။

### ကြိုတင်ပြင်ဆင်

ကျောင်းသားမိဘများသည် ကလေးငယ်များအတွက် ပုံနှိပ်စာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များတွင် နာမည်များကပ်ခြင်း၊ ကျောပိုးအိတ်၊ ထမင်းဘူးနှင့် ရေဘူးများပြင်ဆင်ခြင်း၊ ကျောင်းဝတ်စုံများကို ဝတ်ဆင်ကြည့်ခြင်း၊ ထီး၊ ဖိနပ်၊ မိုးကာများကိုအသင့်ပြင်ဆင်ခြင်းစသည်တို့ကို လိုလေသေးမရှိအောင်လုပ်နေကြသည်။ မိဘများအနေဖြင့် သား၊ သမီးများအတွက် လိုလေသေးမရှိအောင် ကြိုတင်ပြင်ဆင်လျက်ရှိသည်။ လက်လုပ်လက်စား မိဘများသည်ပင်လျှင် သား၊ သမီးများအတွက် ကြိုးစားဖြည့်ဆည်းပေးလျက်ရှိသည်။ မိဘတိုင်းသည် သား၊ သမီးများ မျက်နှာမငယ်စေရန်အတွက် အဘက်ဘက်မှ ကြိုတင်ပြင်ဆင်ကြရသည်။ စုန်ရေမေတ္တာသည် တသွင်သွင်စီးဆင်းလျက်ပင်ရှိသည်။

### ကျောင်းအပ်နှံမှုနှုန်းမြင့်တက်လာ

နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်တိုးတက်ရေးသည် မျိုးဆက်သစ်များ၏ ပညာရည်တတ်မြောက်မှု အဆင့်အတန်းပေါ်တွင် များစွာတည်မှီနေသည် ဆိုသောအချက်ကို ကမ္ဘာ့နိုင်ငံတိုင်းက တူညီစွာလက်ခံထားရှိကြသည်။ ထိုနည်းတူစွာပင် ကျွန်ုပ်တို့မြန်မာနိုင်ငံသည်လည်း မျိုးဆက်သစ်များ ပညာရည်မြင့်မားရေးအတွက် ရေတိုရေရှည်စီမံကိန်းများချမှတ်လျက် အမျိုးသားရေးအသွင်ဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။ အထူးသဖြင့် နိုင်ငံတော်အစိုးရသည် ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းနေနိုင်ရေးအတွက် အခမဲ့ပညာရေးအစီအစဉ်ကို အထက်တန်းအဆင့်အထိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုကြောင့် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံမှုနှုန်း သိသာစွာမြင့်တက်လာခဲ့သည်။ ကျောင်းနေမှုနှုန်းမြင့်မားလာသည်နှင့်အမျှ ရေမြင့်ကြာတင့်ဆိုသလို စာတတ်မြောက်မှုနှုန်းလည်း သိသာထင်ရှားစွာမြင့်တက်လာမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။

အမှန်တော့ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစ၍ အခြေခံပညာကျောင်းများတွင်အခမဲ့ပညာရေးစနစ်သတ်မှတ်ခဲ့သည်။ ထို့ပြင်နိုင်ငံတော်အစိုးရသည် ကျောင်းအပ်နှံရာတွင် မည်သည့်အခကြေးငွေမျှ ကောက်ခံမှုမရှိသည့်အပြင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံနှင့် ကျောင်းဝတ်စုံတို့ကို အခမဲ့ထောက်ပံ့ပေးထားသဖြင့် ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။

### အခြေအနေကောင်းများဖန်တီးပေး

ထို့ပြင် ကျောင်းသားလူငယ်များ ထိရောက်အောင်မြင်စွာ စာပေလေ့လာသင်ယူနိုင်ရန်အတွက် ပတ်ဝန်းကျင်အခြေအနေကောင်းများလည်း ဖန်တီးပေးရန် လိုအပ်ပေသည်။ စာသင်ကျောင်းများ၊ သင်ထောက်ကူပစ္စည်းများအပြင် အထောက်အကူပြုကျောင်းစာကြည့်တိုက်များလည်း ဖန်တီးပေးရန်လိုအပ်ပေသည်။ အထူးသဖြင့် စာသင်ကျောင်းများသည်တိတ်ဆိတ်ငြိမ်သက်မှုရှိသည့်နေရာများတွင်သာရှိသင့်သည်။ ထိုသို့တိတ်ဆိတ်ငြိမ်သက်သည့်နေရာမျိုး၌ ကျောင်းသားလူငယ်များအနှောင့်အယှက်ကင်းစွာ ပညာသင်ကြားနိုင်သဖြင့် ထူးချွန်ထက်မြက်သည့်လူငယ်များ ပေါ်ထွန်းရေးတွင် များစွာအထောက်အကူပြုပေသည်။

စင်စစ်အားဖြင့် ကျောင်းသား၊ ကျောင်းသူအားလုံး ကျန်းမာပျော်ရွှင်စွာ ပညာသင်ယူနိုင်ရေးသည်လည်း များစွာအရေးပါလျက်ရှိသည်။ ထို့ကြောင့် ကလေးများအတွက်သန့်ရှင်းသောမုန့်ဈေးတန်းများ၊ အိမ်သာများ၊ လေဝင်လေထွက်ကောင်းသော စာသင်ခန်းများရှိစေရေးအတွက် ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းအုပ်ကြီးများ၊ အလှူရှင်များနှင့် မိဘများ၏ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုများလည်း လိုအပ်ပေသည်။

### အဖျက်အမှောင့်လုပ်သူများ

လွန်ခဲ့သောနှစ်အတွင်းက PDF အမည်ခံအကြမ်းဖက်သမားများသည် စာသင်ကျောင်းများအားမီးရှို့ခြင်း၊ ဗုံးခွဲတိုက်ခိုက်ခြင်း၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများကိုခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ နှောင့်ယှက်ဟန့်တားခြင်း၊ လူမှုအသိုက်အဝန်းမှကြဉ်ဖယ်ခြင်း၊ မဟုတ်မမှန်ပြောဆိုဝေဖန်တိုက်ခိုက်ခြင်း၊ ကျောင်းသားမိဘများကိုလည်းခြိမ်းခြောက်အကျပ်ကိုင်ခြင်းများ လုပ်ဆောင်ခဲ့သည်။ ထိုသို့လုပ်ဆောင်ခြင်းသည် ရင်သွေးငယ်များ၏အနာဂတ်ကို ဖျက်ဆီးနေခြင်းပင်ဖြစ်သည်။ အကြမ်းဖက်သမားများသည် အမှား၊ အမှန်ကိုခွဲခြားနိုင်စွမ်း အတော်လေးအားနည်းလာကြပြီဖြစ်သည်။ စိတ်မကောင်းစရာပင်ဖြစ်သည်။

စင်စစ်အားဖြင့် စာသင်ခန်းများ ပြန်လည်ဖွင့်လှစ်ပြီး စာဖတ်စာအံသံများကြားရခြင်းသည် မိဘတိုင်းအတွက်မင်္ဂလာရှိသော နေ့ရက်များပင်ဖြစ်သည်။ သို့သော် တချို့သောမိဘများသည် အဖျက်အမှောင့်သမားများ၏ မဟုတ်မမှန်သွေးထိုးလှုံ့ဆော်ဝါဒဖြန့်နေမှုများကိုနားယောင်ကာ ကလေးငယ်များကို ကျောင်းအပ်ဖို့ရန်ချီတုံချတုံဖြစ်နေကြသည်။ ကလေးကိုကျောင်းသို့လွှတ်လျှင် ဘေးကင်းလုံခြုံမှုမရှိဟုဆိုကြသည်။ မှားယွင်းသောယူဆချက်ပင်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။ အခြေခံပညာကျောင်းများတွင် လုံခြုံရေးအာမခံချက်ရှိအောင်ဆောင်ရွက်ပေးလျက်ရှိသည်။

### ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လို

အမှန်တော့ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းအပ်နှံနိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူအားလုံး စာသင်ခန်းအတွင်း ရောက်ရှိရေးအတွက် ဆရာ၊ မိဘ၊ ဒေသဆိုင်ရာအာဏာပိုင်များအပြင် တာဝန်သိပြည်သူလူထုကြီးကလည်း တတ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်သွားသင့်သည်။ အထူးသဖြင့် ကျောင်းသားမိဘများအနေဖြင့် အဖျက်အမှောင့်လုပ်နေသူများ၏လျှို့ဝှက်အကြံအစည်နှင့်လှုပ်ရှားမှုများကို လုံခြုံရေးတပ်ဖွဲ့များ၊ သက်ဆိုင်ရာတာဝန်ရှိသူများသို့ အချိန်မီ အသိပေးသင့်သည်။ ကလေးငယ်များ စိတ်အေးချမ်းသာပျော်ရွှင်စွာပညာသင်ယူနိုင်ရေးအတွက် မိဘများ၏ ပူးပေါင်းဆောင်ရွက်မှုများ အထူးလိုအပ်သည်။ မိဘများအနေဖြင့် ကလေးများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လုံခြုံရေးဆိုင်ရာအချက်အလက်များကို ကျောင်းအုပ်ကြီးများကိုအပြုသဘောဆောင်စွာ အကြံပြုသွားသင့်ပေသည်။ အထူးသဖြင့် ဆရာ၊ မိဘ၊ ကျောင်းသားပူးပေါင်းဆောင်ရွက်မှု အားကောင်းနေမည်ဆိုလျှင် အဖျက်အမှောင့်သမားများ၏ ယုတ်ညံ့သောအကြံအစည်များကို လွယ်ကူစွာကျော်ဖြတ်သွားနိုင်မည်ဖြစ်သည်။

### ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့

စင်စစ်အားဖြင့် နိုင်ငံတော်အစိုးရသည် စဉ်ဆက်မပြတ် လေ့လာသင်ယူနေသည့်လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ဖြစ်ပေါ်လာနိုင်ရေးအတွက် ကျောင်းနေအရွယ်ကလေးငယ်အားလုံး ကျောင်းအပ်နှံနိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူအားလုံးစာသင်ခန်းအတွင်း ရောက်ရှိနိုင်ရေးလုပ်ငန်းများကို စီမံချက်ချ၍ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကျောင်းသား၊ ဆရာ၊ မိဘပြည်သူများနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့တို့အကြား တက်ညီလက်ညီကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ပေသည်။

အမှန်တော့ နိုင်ငံတစ်နိုင်ငံ၏အနာဂတ်သည် မျိုးဆက်သစ်လူငယ်များ၏ ပညာတတ်မြောက်မှုအဆင့်အတန်းပေါ်တွင်များစွာတည်မှီလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ဘက်စုံထူးချွန်သော မျိုးဆက်သစ်လူငယ်များပေါ်ထွန်းရေးအတွက် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူပပျောက်ရေးလုပ်ငန်းစဉ်ကို အမျိုးသားရေးတာဝန်တစ်ရပ်ကဲ့သို့ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ပညာသင်ခြင်းသည် နိုင်ငံ၏ အနာဂတ်အတွက် မရှိမဖြစ်အရေးပါသည့် လူ့စွမ်းအားအရင်းအမြစ်ပျိုးထောင်ခြင်းပင်ဖြစ်သည်။ ၂၀၁၉ ခုနှစ်ကြားဖြတ်သန်းခေါင်စာရင်းအရ ၅ နှစ်နှင့်အထက် လူဦးရေသည် ၄၆ ဒသမ ၄၆၃ သန်းရှိသည်။ အဆိုပါလူဦးရေတွင်ကျောင်းလုံးဝမတက်ဖူးသူ ၈ ဒသမ ၁ ရာခိုင်နှုန်းခန့်ရှိပြီး အသက် ၂၅ နှစ်အထက် ၂၅ ဒသမ ၁၆၉ သန်းခန့်တွင် အတန်းလုံးဝမရှိသူ ၃ ဒသမ ၈ ရာခိုင်နှုန်း ၉ သိန်းကျော်ရှိသည်။ မူလတန်းနှင့် မူကြိုအဆင့်ရှိသူ ၄၉ ဒသမ ၄၇ ရာခိုင်နှုန်း ၁၂ ဒသမ ၈၃ သန်းရှိကာ အလယ်တန်းအဆင့်ရှိသူ ၂၁ ဒသမ ၇၂ ရာခိုင်နှုန်း၊ ၅ ဒသမ ၄၆ သန်းရှိသည်။ အထက်တန်းအဆင့် ပြီးမြောက်သူ ၁၃ ဒသမ ၃ ရာခိုင်နှုန်းနှင့် ဘွဲ့ရသူ ၁၁ ဒသမ ၄ ရာခိုင်နှုန်း၊ ၂ ဒသမ ၆၈ သန်းရှိသည်ကို စာရင်းဇယားများအရသိရပြီး ကျောင်းသားအများစုမှာ မူလတန်းပြီးဆုံးချိန်တွင် ကျောင်းထွက်သွားကြခြင်းဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် နိုင်ငံတော်၏ အနာဂတ်အတွက် ခေတ်ပညာတတ်လူငယ်များပေါ်ထွန်းလာစေရန် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံစေရေး မိဘပြည်သူများအနေဖြင့် အလေးထားဆောင်ရွက်သွားရန် လိုအပ်ပေသည်။

ထိုသို့ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အစိုးရအပြင် မိဘ၊ ဆရာ၊ ဒေသခံပြည်သူများသည် အဖျက်အမှောင့်သမားများ၊ ပြည်ပလက်ဝေခံများ၊ CRPH၊ NUG နှင့် PDF အမည်ခံအကြမ်းဖက်အုပ်စုများ၏ မဟုတ်မမှန်လုပ်ကြံဝါဒဖြန့်နေမှုများ၊ လှုံ့ဆော်နေမှုများ၊ ခြိမ်းခြောက်အကျပ်ကိုင်နေမှုများကိုနားမယောင်နေဘဲ ပကတိအခြေအနေမှန်ကိုရှုမြင်လျက် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားသင့်သည်။ မည်သို့ပင်ဆိုစေ ကျောင်းသား၊ ကျောင်းသူအားလုံး စာသင်ခန်းအတွင်းရောက်ရှိနေမှသာလျှင် တိုင်းပြည်တာဝန်ကို လက်ဆင့်ကမ်းထမ်းဆောင်သွားမည့် ထိုကလေးများ၏အနာဂတ်သည် ပိုမိုတောက်ပြောင်လာမည်ဖြစ်ပေသည်။ ။

**မောင်သောင်းဝင်း**
**(တမန်ဟောင်း)**

နေပြည်တော်   မေ   ၂၃

# မြန်မာနိုင်ငံဆိုင်ရာဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် လက်ခံတွေ့ဆုံ

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး H.E. Dr. Md. Monwar Hossain ဦးဆောင်သောအဖွဲ့အား ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံရှိ ခရီးစဉ်ဒေသများသို့ ခရီးသွားပြည်သူများအပြန်အလှန်သွားလာလည်ပတ်ရေး၊ နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု၊ နားလည်မှုများဖလှယ်ခြင်းမှတစ်ဆင့်ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုများနှင့် အပြန်အလှန်သွားလာလည်ပတ်မှု မြှင့်တင်ရေး၊ မြန်မာ - အိန္ဒိယ - သီရိလင်္ကာ - နီပေါ- ဘူတန် နိုင်ငံတို့နှင့်ပူးပေါင်း၍ ဘုရားဖူးခရီးစဉ်များ မြှင့်တင်ဆောင်ရွက်လိုမှု၊ ယခင်ပြေးဆွဲခဲ့သော ရန်ကုန်-ဒါကာ၊ ဒါကာ-ရန်ကုန် တိုက်ရိုက်လေကြောင်းခရီးစဉ် ပြန်လည်ပြေးဆွဲနိုင်ရေး၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပင်လယ်ကမ်းရိုးတန်းဆိုင်ရာ ပို့ဆောင်ရေးသဘောတူညီချက်အစီအစဉ်များ ဆောင်ရွက်နေမှု၊ ခရီးစဉ်ဒေသများ မြှင့်တင်ကြော်ငြာရေး၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ အပြန်အလှန်အကျိုးစီးပွားဖြစ်ထွန်းရေးနှင့် နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။



တွေ့ဆုံပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

---

နေပြည်တော်   မေ   ၂၃

# မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန်သတ်မှတ်ရေးကော်မတီအစည်းအဝေး (၂/၂၀၂၄) သို့ ဒုတိယဝန်ကြီး ဒေါ်နုမြဇံ တက်ရောက်

မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန်သတ်မှတ်ရေးကော်မတီ၏ (၂/၂၀၂၄) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်ခန်းမ၌ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန် သတ်မှတ်ရေးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဖိတ်ကြားထားသူတို့တက်ရောက်ကြပြီး ပြည်နယ်အသီးသီးမှ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း အတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ- ကြို့ပင်ကောက်)



နှင့်ဖိတ်ကြားထားသူများက Online ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဒေါ်နုမြဇံက ပထမအကြိမ် (၁/၂၀၂၄) အစည်းအဝေး၏ ဆုံးဖြတ်ချက်များအရ တိုင်းရင်းသားဝတ်စုံများနှင့်ပတ်သက်၍ ပထမအဆင့်အနေဖြင့် အဓိကတိုင်းရင်းသား(၈)မျိုး၏ နေ့စဉ်သုံးဝတ်စုံနှင့် အခမ်းအနားသုံးဝတ်စုံ တစ်မျိုးစီကို မြန်မာနိုင်ငံတိုင်းရင်းသား လူမျိုးများ၏ အမျိုးသားဝတ်စုံမှန်သတ်မှတ်ရေး ကော်မတီ အစည်းအဝေးသို့ အချိန်မီ တင်ပြနိုင်ရေး ဆောင်ရွက်ရန်အချက်သည် အဓိကကျသည့် အချက်ဖြစ်ပါကြောင်း၊ သတ်မှတ်တင်ပြရာတွင် အသုံးပြုမည့် အထည်စ၊ ဒီဇိုင်း၊ အရောင်၊ တွဲဖက်အဆင်တန်ဆာများစသည်တို့ကို အသုံးပြုရသည့် အဓိပ္ပာယ်၊ ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်မှု အသေးစိတ်တို့ကို ဓာတ်ပုံမှတ်တမ်းများနှင့်တကွသက်ဆိုင်ရာ ပြည်နယ်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များမှ ကျွမ်းကျင်ပညာရှင်များ၏ အဆုံးအဖြတ်နှင့် သက်ဆိုင်ရာပြည်နယ်အစိုးရ၏အတည်ပြုမှုနှင့်အတူ ဆွေးနွေးတင်ပြစေလိုပါကြောင်း။

ကော်မတီအနေနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် တိုင်းရင်းသားကိုယ်စားလှယ်များ၏ဆွေးနွေးချက်များကို ပြည်နယ်အစိုးရများ၏ အတည်ပြုချက်များနှင့်တကွ နောင်ကျင်းပမည့် မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ၏ အစည်းအဝေးသို့ တင်ပြမည်ဖြစ်ကြောင်း၊ ယဉ်ကျေးမှုရေးစီးကြောင်းအရ မိမိတို့နိုင်ငံက အလွန်တန်ဖိုးရှိလှပပြီး သမိုင်းကြောင်းရှည်လျားသည့် တိုင်းရင်းသားများ၏ ရိုးရာဝတ်စုံများကို အိမ်နီးချင်းနိုင်ငံများက ကူးယူရက်လုပ်ခြင်း၊ စက်ဖြင့်ထုတ်ခြင်းတို့ကို ကျယ်ပြန့်စွာ ဆောင်ရွက်နေကြသည်ကိုတွေ့နေရပါကြောင်း၊ သို့ဖြစ်၍ တင်ပြအတည်ပြုချက်များနှင့်အတူ မူပိုင်ခွင့်ရယူနိုင်ရန်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဖိတ်ကြားထားသူမှ ဆွေးနွေးပေးစေလိုကြောင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတိုင်းရင်းသား လူမျိုးများ၏ ဝတ်စုံမှန်သတ်မှတ်ရေး ကော်မတီအတွင်းရေးမှူး အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာကေသီထွေးက ပထမအကြိမ်(၁/၂၀၂၄) အစည်းအဝေးနှင့် ပတ်သက်၍ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဆက်လက်၍ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသော နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးသိန်းဌေးဦး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာအယ်လ်တူးမိန်းဂေါင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာနွယ်ရီဝင်း၊ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း တိုင်းရင်းသားကိုယ်စားလှယ်များနှင့် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း အတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)တို့နှင့် တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါ်နုမြဇံက နိဂုံးချုပ်အနေဖြင့်ပထမအကြိမ် တိုင်းရင်းသား (၈)မျိုး၏ အမျိုးသား/အမျိုးသမီးနေ့စဉ်သုံးဝတ်စုံနှင့် အခမ်းအနားသုံးဝတ်စုံတစ်မျိုးစီကို အမြန်ပြုစုတင်ပြနိုင်ရေးဆက်လက်ပူးပေါင်းဆောင်ရွက်ပေးကြပါရန် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

ရန်ကုန်   မေ   ၂၃

# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယမြို့တော်ဝန် ဦးညီညီ ကြည့်ရှုစစ်ဆေး

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(ဒုတိယမြို့တော်ဝန်) ဦးညီညီသည် အတွင်းရေးမှူး ဦးညွန့်ဖေ၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်(၃၅)ရပ်ကွက် ဘုရင့်နောင်လမ်းနှင့် ဦးရာဇတ်လမ်းကြားရှိ နတ်ရေကန်သို့သွားရောက်၍ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ သစ်ပင်များအောက်တက်ရှင်းခြင်း၊ အုပ်မိုးကိုင်းများ ဖြတ်ညှိပုံသွင်းအလင်းဖွင့်ခြင်းနှင့်မြေယာရှုခင်းဆောင်ရွက်ခြင်းလုပ်ငန်း၊ နတ်ရေကန်နှင့် ကန်သာယာ(၁)လမ်းကြားတွင် အုတ်ရေမြောင်း တည်ဆောက်ရေးအကြိုလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့သည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အတွင်း အမှတ်(၃၆)ရပ်ကွက် ဘုရင့်နောင်လမ်းနှင့် ဦးဘဝင်းလမ်းကြား ရဲသီဟလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် အမှတ်(၃၈)ရပ်ကွက် ပင်လုံလမ်းနှင့် ရာဇသင်္ကြန်လမ်းကြား မဟာဗန္ဓုလလမ်း ဝဲ/ယာ လမ်းသားတိုးချဲ့ကွန်ကရစ်ခင်းခြင်းလုပ်ငန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အမြန်ပြီးစီးရေးဆောင်ရွက်ရန်နှင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



---

နေပြည်တော်   မေ   ၂၃

## မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

★ စာမျက်နှာ ၁၇ မှအဆက်

အဖွဲ့များကိုလည်းကောင်း၊ ဂုဏ်ထူးဆောင်နာယက ဒေါ်သန်းသန်းနွယ်က စီးပွားရေးကဏ္ဍလှုပ်ရှားမှုအတွက် ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တို့မှ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက ကျန်းမာရေးကဏ္ဍလှုပ်ရှားမှုအတွက် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်တို့မှ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် တိုင်းဒေသကြီး/ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့၏ လှုပ်ရှားဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှသည် ကိုယ်ဝန်ဆောင်မိခင်များကို အာဟာရဖြစ်စေမည့် အစားအစာများ ထောက်ပံ့ပေးပြီး (၅)နှစ်အောက်ကလေးငယ်များအား အမီလိုက်ကာကွယ်ဆေးများ တိုက်ကျွေးပေးကာ နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များက ဒေသထွက်ကုန်ပစ္စည်းများနှင့် ရိုးရာလက်မှုပစ္စည်းများ ခင်းကျင်းပြသရောင်းချနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၃၃) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာစန်းစန်းမြင့်အောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးက ၂၀၂၃ ခုနှစ် နှစ်ချုပ်အစီရင်ခံစာကိုလည်းကောင်း၊ အသင်းဘဏ္ဍာရေးမှူးက ၂၀၂၂-၂၀၂၃ ခုနှစ် ငွေစာရင်းရှင်းတမ်းနှင့် ၂၀၂၃-၂၀၂၄ ရသုံးမှန်းခြေစာရင်းကိုလည်းကောင်း ဖတ်ကြားတင်သွင်းကြသည်။

ယင်းနောက် နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များက ၂၀၂၃ ခုနှစ် နှစ်ချုပ်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းကြပြီး တက်ရောက်လာကြသူများက အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များချမှတ်နိုင်ရန် ဆွေးနွေးအတည်ပြုခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

**နေပြည်တော် မေ ၂၃**

# ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ




ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန၌ကျင်းပသည်။

အစည်းအဝေးသို့ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများနှင့် လူမှုရေးရာဝန်ကြီးတို့က Zoom Application Online System ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌက လုပ်ငန်းကော်မတီများအနေဖြင့် ပြန်လည်နေရာချထားရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ဘဏ္ဍာရေးနှစ်အလိုက် ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းများကို သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းပြီး လုပ်ငန်းကော်မတီဝင်ဝန်ကြီးဌာနများ၊ ပြည်နယ်အစိုးရများအလိုက် ရန်ပုံငွေထည့်သွင်းလျာထား၍ ပြည်တွင်းနေရပ်စွန့်ခွာသူများအတွက် လိုအပ်သော ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေအရ တိုင်းဒေသကြီး/ပြည်နယ်များ၌ ယာယီနေရပ်စွန့်ခွာမှုများနှင့် အကြမ်းဖက်အဖွဲ့များ၏ နှောင့်ယှက်ဖျက်ဆီးမှုများကြောင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အချို့သောအခက်အခဲများ ကြုံတွေ့ရမည်ဖြစ်ပါကြောင်း၊ IDP၊ ယာယီနေရပ်စွန့်ခွာနှင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် တိမ်းရှောင်သူများ၏ အခြေခံလိုအပ်ချက်များကို ပြည်ထောင်စု၊ ပြည်နယ်နှင့် စေတနာရှင်အလှူရှင်များ ပေါင်းစပ်၍ တတ်စွမ်းသမျှ ဖြည့်ဆည်းဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ကြောင်း။

ယာယီနေရပ်စွန့်ခွာသူများကို လူသားချင်းစာနာမှုအကူအညီများ ပေးအပ်နိုင်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ အကူအညီများ ရရှိလာပါက ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များဖြစ်သည့် လုံခြုံရေး၊ ပို့ဆောင်ရေး၊ ဖြန့်ဝေရေး၊ မလိုလားအပ်သူများထံရောက်ရှိမသွားစေရေး အစရှိသည့်ကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းကြပ်မတ်ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ အမျိုးသားအဆင့်ကော်မတီ၏ လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အားလုံးပူးပေါင်းပါဝင်၍ တက်ကြွစွာ ဆောင်ရွက်နိုင်ခဲ့မှုကြောင့် ငါးလကျော်ကာလအတွင်း စုစုပေါင်း အိမ်ထောင်စု ၄၇၈၈ စု၊ လူဦးရေ ၁၈၄၆၈ ဦးတို့ကို မူလနေရပ်များသို့ ပြန်လည်ပို့ဆောင်နေရာချထားပေးနိုင်ခဲ့ပြီး ယာယီခိုလှုံရာစခန်း/ စုရပ် ၆၉ ခုကို ထပ်မံပိတ်သိမ်းနိုင်ခဲ့ပါကြောင်း၊ လူသားချင်းစာနာမှုအကူအညီပေးမှုများအဖြစ် စုစုပေါင်းငွေကျပ် ၄၇၉၀ ဒသမ ၅၈၈ သန်းတန်ဖိုးရှိ စားနပ်ရိက္ခာ၊ လူသုံးကုန်ပစ္စည်း၊ ထောက်ပံ့ငွေ၊ ကယ်ဆယ်ရေးပစ္စည်းနှင့် အိမ်/ကျောင်းဆောက်လုပ်ရေးပစ္စည်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် စေတနာရှင်အလှူရှင်များ၏ လှူဒါန်းငွေများဖြင့် ထောက်ပံ့ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

နေရပ်စွန့်ခွာပြောင်းရွှေ့နေထိုင်ခြင်းများကို အဆုံးသတ်စေနိုင်မည့် ရေရှည်တည်တံ့ခိုင်မြဲသောနယ်မြေတည်ငြိမ်အေးချမ်းမှု အမြန်ရရှိနိုင်ရေးအတွက်လည်း ဦးတည်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ တစ်ဖက်တွင်လည်း နေရပ်စွန့်ခွာသူများ ဘေးကင်းလုံခြုံ၍ ဂုဏ်သိက္ခာရှိရှိ မှီခိုမှုကင်းစွာ ရပ်တည်နေထိုင်သွားနိုင်ရေးအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ပေးခြင်းဖြင့် ၎င်းတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည့်အပြင် ဒေသတွင်းရှိ လက်နက်ကိုင်ပဋိပက္ခများနှင့် လူမှုရေးပဋိပက္ခများ လျော့နည်းပပျောက်စေနိုင်သကဲ့သို့ ဒေသဖွံ့ဖြိုးရေးအစီအစဉ်များ ချမှတ်ဖော်ဆောင်ရာ၌ များစွာအထောက်အပံ့ဖြစ်စေမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီများ၊ ပြည်နယ်အဆင့်ကော်မတီများအနေဖြင့် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေများ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၏ လှူဒါန်းမှုများနှင့် ကူညီပံ့ပိုးမှုများကို စနစ်တကျစီမံခန့်ခွဲ၍ အချိတ်အဆက်မိမိနှင့် ဟန်ချက်ညီညီ ထိရောက်ပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားအဆင့်ကော်မတီဒုတိယဥက္ကဋ္ဌက ယာယီခိုလှုံရာ စခန်း/စုရပ်များရှိ နေရပ်စွန့်ခွာသူများအတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့် စားနပ်ရိက္ခာများ ထောက်ပံ့ပေးနေမှု၊ လူမှုရေးဆိုင်ရာပံ့ပိုးမှု၊ အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ပေးမှု၊ မူလနေရပ်သို့ ပြန်လည်နေထိုင်သူများအတွက် လတ်တလော လိုအပ်သည်များ ထောက်ပံ့ကူညီပေးလျက်ရှိမှု၊ အမျိုးသားအဆင့်ကော်မတီတွင် ရန်ပုံငွေထူထောင်ရေးဆောင်ရွက်မှုအခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့်အစီအမံများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများပိတ်သိမ်းရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများနှင့် လူမှုရေးရာဝန်ကြီးတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့်အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့တက်ရောက်လာကြသည့် အမျိုးသားအဆင့်ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ပြည်နယ်အဆင့်ကော်မတီများမှ တာဝန်ရှိသူများက အကြံပြုချက်များကို ဝိုင်းဝန်းဆွေးနွေးတင်ပြကြရာ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**နေပြည်တော် မေ ၂၃**

# လျှပ်စစ်သုံးယာဉ်များနှင့်အားသွင်းစက်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ





အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ခွင့်ပြုချက်ဖြင့် Win Motor Myanmar Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် LIVAN Maple အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Aung Gyi Group of Companies Limited. မှ တင်သွင်းလာသော JAC E30X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Myanmar Arr Thit Man Motor Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် YADEA အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များနှင့် Super Seven Stars Motors Industry Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Pingalax အမျိုးအစား လျှပ်စစ်သုံးယာဉ်အားသွင်းစက်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာပါသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ ပညာရေးကဏ္ဍလုပ်ရှားမှုအတွက် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။



မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ ပညာရေးကဏ္ဍလုပ်ရှားမှုအတွက် ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးမှ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။




မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၃၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။





မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များက ဒေသထွက်ကုန်ပစ္စည်းများနှင့် ရိုးရာလက်မှုပစ္စည်းများ ခင်းကျင်းပြသရောင်းချနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။





မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ ကိုယ်ဝန်ဆောင်မိခင်များကို အာဟာရဖြစ်စေမည့်အစားအစာများထောက်ပံ့ပေးပြီး (၅)နှစ်အောက်ကလေးငယ်များအား အမီလိုက်ကာကွယ်ဆေးများတိုက်ကျွေးစဉ်။





မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ (၅)နှစ်အောက်ကလေးငယ်များအား အမီလိုက်ကာကွယ်ဆေးတိုက်ကျွေးပြီး လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။



မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ငွေး လူမှုရေးကဏ္ဍလှုပ်ရှားမှုအတွက် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။



မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်သန်းသန်းနွယ် စီးပွားရေးကဏ္ဍလှုပ်ရှားမှုအတွက် ပထမဆုရရှိသည့် ကချင်ပြည်နယ်မှ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။



ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း ကျန်းမာရေးကဏ္ဍလှုပ်ရှားမှုအတွက် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။

★ ရှေ့ဖုံးမှအဆက်

ဦးစီးဌာနမှူးများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကများ၊ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက မြန်မာနိုင်ငံတွင် လူဦးရေ ၅၄ သန်းကျော်ရှိသည့်အနက် ၆၀ ရာခိုင်နှုန်းကျော်သည် မိခင်နှင့်ကလေးများဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ မိခင်သေနှုန်း၊ မွေးကင်းစ (၁)နှစ်အောက်နှင့် (၅)နှစ်အောက်ကလေးများ သေနှုန်းသည် နိုင်ငံတော်၏ အရေးကြီးသည့် ကျန်းမာရေးအညွှန်းကိန်းတစ်ခုဖြစ်ပါကြောင်း၊ မိခင်နှင့် ကလေးသေဆုံးမှုနှုန်းကို လျှော့ချနိုင်သည်နှင့်အတူ မိမိတို့နိုင်ငံ၏ မျှော်မှန်းလူ့သက်တမ်းသည်လည်း မြင့်မားလာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက မိခင်နှင့် ကလေးကျန်းမာရေးကိစ္စ၊ ပြည်သူတစ်ရပ်လုံးကျန်းမာပြီး သက်တမ်းရှည်စွာနေနိုင်ရေးကိစ္စများကို ဦးစားပေးဆောင်ရွက်ရမည့်ကိစ္စရပ်များအဖြစ် လမ်းညွှန်ထားရှိပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မိခင်နှင့်ကလေးကျန်းမာရေးမှအစပြု၍ ကျောင်းကျန်းမာရေး၊ ဆယ်ကျော်သက်အရွယ်ကျန်းမာရေး၊ လုပ်ငန်းခွင်နှင့်ပတ်ဝန်းကျင်ကျန်းမာရေး၊ သက်ကြီးရွယ်အိုကျန်းမာရေး စသည့်ဘဝတစ်သက်တာ ကျန်းမာရေးစောင့်ရှောက်မှုပုံစံဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများပေးအပ်လျက်ရှိပြီး မိမိတို့နိုင်ငံ၏ကျန်းမာရေးအဆင့်အတန်းမြင့်မားစေရေးအတွက် မူဝါဒချမှတ်၍ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေချိန်တွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကဲ့သို့ ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုသည် အထူးပင်အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ လုပ်ဆောင်ချက်များသည် ကျန်းမာရေးဝန်ကြီးဌာန၏ လုပ်ဆောင်ချက်များနှင့် ဆက်စပ်နေပြီး ဝန်ကြီးဌာနကို အားဖြည့်ကူညီဆောင်ရွက်နေသည့်အတွက် မှတ်တမ်းတင်ဂုဏ်ယူအပ်ပါကြောင်း။

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အသင်းဝင်များအနေဖြင့် အသင်းကြီး၏ အဓိကလုပ်ငန်းများဖြစ်သည့် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံတကာဆက်ဆံရေးများတွင် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် အသိပညာ၊ အတတ်ပညာများကို လေ့လာဆည်းပူးပြီး ပြည်သူများ၏ဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ တစ်မျိုးသားလုံးမျှော်မှန်းထားသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရာတွင် တိုင်းရင်းသားပြည်သူများနှင့်ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးအနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးပန်းတိုင်အရောက် ကျန်းမာရေးဝန်ကြီးဌာန၊ နှီးနွှယ်ဌာန၊ မိတ်ဖက်အဖွဲ့အစည်းများဖြင့် လက်တွဲညီညီ လျှောက်လှမ်းနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ လှုပ်ရှားမှုမှတ်တမ်းဗီဒီယိုကိုပြသသည်။

ယင်းနောက် နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များ၏ ပညာရေး၊ လူမှုရေး၊ စီးပွားရေးနှင့်ကျန်းမာရေး စသည့် ကဏ္ဍကြီး(၄)ရပ်လှုပ်ရှားမှုအတွက် ကဏ္ဍအလိုက် ထူးချွန်ဆုများချီးမြှင့်ခြင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ ဂုဏ်ထူးဆောင် နာယက ဒေါ်ကြူကြူလှက ပညာရေးကဏ္ဍလှုပ်ရှားမှုအတွက် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ တတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီးနှင့် နှစ်သိမ့်ဆုရရှိသည့် ကယားပြည်နယ်တို့မှ မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များကို ဆုများပေးအပ်ချီးမြှင့်ရာ သက်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌများက လက်ခံရယူကြသည်။

ဆက်လက်၍ ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ငွေးက လူမှုရေးကဏ္ဍလှုပ်ရှားမှုအတွက် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်၊ တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပူးတွဲတတိယဆုရရှိသည့် ရခိုင်ပြည်နယ်တို့မှ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး

စာမျက်နှာ ၁၅ သို့★

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

NAY PYI TAW May 23

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win delivers speech at first meeting of Myanmar Special Economic Zone Central Committee for 2024-2025 FY




Vice-Senior General Soe Win delivers speech at first meeting of Myanmar Special Economic Zone Central Committee for 2024-2025 FY.

The Myanmar Special Economic Zone Central Committee held the first meeting for 2024-2025 financial year at the conference hall of the Ministry of Commerce in Nay Pyi Taw at 1.30 pm today, with an address by Chairman of the Central Committee Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Also present at the meeting were members of the Central Committee Union ministers, deputy ministers, chairmen of the management committees of Thilawa, Kyaukpyu and Dawi SEZs, directors-general and officials together with the chief ministers of Yangon and Taninthayi regions and Rakhine State through video conferencing.

Speaking on the occasion, the Vice-Senior General said that it was the first meeting for 2024-2025 financial year of the central committee in which it is necessary to review work processes of previous years. As the Myanmar SEZ is being initiated depending on the Myanmar SEZ Law (2014) and rules, all have to take care of their work processes without derailment from the laws and procedures. As the meeting was held in accord with the provisions of the law, all members have to discuss necessary measures and additions as much as possible. The State Administration Council is implementing economic objectives for economic development of the nation, and implementation of visions and projects of all SEZs must be conformed to the objectives of the State. Trade development and increased investment are important for economic development of a country. With regard to the trade, the Prime Minister frequently gave guidance that production forces such as all industrial zones in regions and states and MSME businesses in addition to SEZs need to increase high quality export products on one hand, and it is necessary to strive for further increase of local and foreign investments in relevant zones. The Vice-Senior General stressed the need to attract investments to Thilawa SEZ having success and on-going Kyaukpyu SEZ. Likewise, developers who are interesting in Dawei SEZ to invest are being invited and local authorities and SEZ management committees have to give investment opportunities to them.

Among three SEZs, Thilawa SEZ has been achieving success with more than US$-2 billion of investments, but number of investment amounts from neighbouring is lesser in comparison with that of neighbouring countries, Southeast and Asian countries. As such, authorities should not be satisfied with current amount of investment, and they all have to seek the best ways for increasing the investment amounts. Moreover, it is necessary to supervise actions of service personnel in abusing authority, illegal trade, monetary abuse and weak management not to cause loss of investment.

Hence, chairmen of management committee, members of central committee and officials have to achieve further success in implementing Thilawa, Kyaukpyu and Dawei SEZs. Thilawa SEZ has free zone and promotion zone. Free zone does not have any difficulties on foreign exchange but the Vice-Senior General said he recognizes efforts of chairmen from relevant task forces and foreign exchange management committee for solving difficulties in raw materials and loans at promotion zone.

Likewise, a policy has been adopted for managing the compensation for land plots of Kyaukpyu SEZ. So, it is necessary to complete all work processes as much as possible.

With regard to Kyaukpyu SEZ, the coordination meeting in December 2023 achieved success. It was extended the long stop date with a further 18 months period. So, it has passed some five months period. During the remaining term, it is necessary to manage completion of relevant measures and implement further plans under the law. On the other hand, relevant company and organizations have to implement their work plans for investment measures. In this regard, both sides have to complete all measures within a 18-month long stop date term.

The Vice-Senior General stressed the need to organize and explain provisions of rules and law to those from SEZs not to delay work processes and ensure work convenience without difficulties. Thilawa SEZ imports raw materials abroad, and the government coordinates with companies for such measures. It is necessary to continue management for minimizing the difficulties. Moreover, a plan should be set for MSMEs at home to supply high quality raw materials to Thilawa SEZ. On one hand, management committees of SEZs have to coor-dinate these measures. Relevant chief

See Page - 19 ►►

►► From Page - 18

ministers have to encourage MSME businesspersons and agencies to supply high quality raw materials to SEZs as part of setting an aim to substitute all required raw materials with domestic materials for the whole SEZ.

According to the March 2024 report, over Ks-2.1 billion were generated through the linkage of goods produced by MSMEs. The management committee and work committees, along with MSMEs, must cooperate to link more high-quality export replacement goods.

In the Thilawa Special Economic Zone, customs revenue for March 2024 exceeded Ks-361.99 million, trade tax revenue was Ks-4.6 billion, and advance income tax revenue was Ks-760.68 million. Export volume in March was US$-13.349 million, while import volume was US$-52.278 million. Therefore, relevant business groups and the management committee are to help companies in the promotion zone export more goods to reduce the gap between export and import values.

The companies in the Thilawa SEZ should be encouraged to use their own solar power systems. If the zones use solar power, electricity distribution can be extended to other necessary regions and states.

Regarding the Dawei Special Economic Zone, discussions have been held with the SPV (Special Purpose Vehicle) finance support group formed by Japan, Thailand, and Myanmar. Necessary actions will be taken based on these discussions. For the upcoming Memorandum of Interest (MOI) signing concerning the Dawei SEZ, thorough examination by local legal experts and procedures experts is required to ensure a win-win situation. It is emphasized that businesses should be carried out with long-term sustainable development in mind. During today's meeting, the progress and ongoing plans for the special economic zones were discussed. Attendees are invited to provide necessary suggestions.

Joint Secretary of the Myanmar Special Economic Zones Central Committee Deputy Minister for Commerce U Min Min clarified the implementation status of decisions made at the first meeting (1/2024).

Secretary 1 of the committee Union Minister at the SAC Chairman's Office (2) U Aung Naing Oo and Secretary 2 of the committee Union Minister for Commerce U Tun Ohn clarified the current implementation status of the Myanmar Special Economic Zones.

Then, the central work committee secretary and the chairmen from Thilawa, Kyaukpyu, and Dawei Special Economic Zones read out the messages sent to the meeting and sought approval.

The union ministers and attendees then discussed suggestions and issues related to the special economic zones.

The first meeting's draft resolutions for the fiscal year 2024-2025 were presented and approved.

Later, the Vice-Senior General gave concluding remarks, integrating necessary actions, and concluded the meeting.

**100**

INDUSTRY

# More than 230 private industries get registered in March of 2023-2024 FY

The Ministry of Industry stated that more than 230 new private industries have been registered in all regions and states including Nay Pyi Taw Council Area in March of 2023-24 financial year.

The Industrial Supervision and Inspection Department is serving the duties to provide assistance of technology, market share and monetary assistance for MSME businesses while allowing registration for private industries under the law and inspecting safety operation of industries.

In March 2024, the department registered 231 new private industries.

In this regard, 73 private industries were registered in Yangon Region, followed by 42 in Mandalay Region and 23 in Shan State. But, there was no registration for new industries in Chin, Kayah and Rakhine states and Taninthayi region.

Hence, registration for new industries were conducted in remaining regions and states including Nay Pyi Taw Council Area.

Meanwhile, seven new industries were registered in Kachin State, six in Kayin State, 14 in Sagaing Region, 22 in Bago Region, 12 in Magway Region, 42 in Mandalay Region, seven in Mon State, 73 in Yangon Region, 23 in Shan State, 20 in Ayeyawady Region and five in Nay Pyi Taw Council Area.

**SK**

## State Administration Council

## Press Release

## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

3. **The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**

**State Administration Council**

RUSSIA

## Russia open to nuclear-tug-powered space mission with BRICS partners - Roscosmos

Russian state space corporation Roscosmos is open to the realization of a scientific mission in deep space using a nuclear tug together with BRICS partners, Roscosmos executive director Aleksandr Bloshenko said on Thursday.

"Russia continues to work on ensuring the next step in the deep space exploration … We are also open to the joint realization of a scientific mission in deep space with our BRICS partners," Bloshenko said at the BRICS heads of space agencies meeting.

Deep space travel will require a completely different level of energy supply and the creation of megawatt-class space tugs, that Roscosmos is currently working on, the corporation's executive director also said.

The module may be used for "energy-intensive scientific research in the Jupiter system," and for fending off asteroid threats, Bloshenko added.

Meanwhile, Russian Deputy Foreign Minister Sergei Ryabkov said that it was necessary to incorporate new BRICS member states into the organization's joint cooperation project on Earth remote sensing satellites.

BRICS was established in 2009 as a cooperation platform for the world's largest emerging economies, bringing together Brazil, Russia, India, China and South Africa. On January 1, 2024, the bloc expanded to include Egypt, Ethiopia, Iran, and the United Arab Emirates.

**Sputnik**

MEXICO

## Nine dead after political rally disaster in Mexico



Nine dead after political rally disaster in Mexico.

Nine people have been killed and at least 50 injured after part of a stage collapsed at a political rally in Mexico on Wednesday, according to authorities.

The accident occurred during a campaign event for Jorge Alvarez Maynez, the presidential candidate for the center-left Citizens' Movement party, in the city of San Pedro Garza Garcia in the northern state of Nuevo Leon.

Video footage posted on social media shows the stage suddenly falling forward into the crowd. Strong wind has been blamed for breaking the large, concert-style structure.

One child was among the dead, local governor Samuel Garcia said on social media. Three of the injured required surgery, he added.

"I've never experienced something so sudden," Reuters quoted Alvarez Maynez as saying, as he described how quickly the wind had picked up before the stage collapsed. Several members of his team had been injured, he added.

Alvarez Maynez, who is polling in third place in Mexico's presidential election ahead of the vote on June 2, escaped unharmed.

Governor Garcia urged residents to stay indoors as strong winds and storms continue in the area.

**RT**

PAKISTAN

## Pakistan launches public awareness campaign to combat ongoing heat wave

Pakistani government has launched a public awareness campaign to counter the adverse impacts of the severe ongoing heat wave spell in the South Asian country, coordinator to the Pakistani prime minister on climate change and environmental coordination Romina Khurshid Alam said on Thursday.

"Measures are being taken to spread mass awareness for the public through adopting preventive measures about heat waves and to reduce its impacts through issuing advisories, public service messages, and awareness campaigns through television, radio and social media platforms," the official said during a press conference.

Commenting on the country's hardest-hit areas, Alam said that 13 districts of southern Sindh province, nine in eastern Punjab province, and four districts of southwest Balochistan are experiencing severe heat waves.

"Rising global temperature across the world is a matter of serious concern. In Pakistan, the months of May and June are recorded as driest and hottest with higher monthly average temperatures," she said.

**Xinhua**

TANZANIA

## 11 killed in sugar factory explosion in Tanzania

Three foreigners, from Brazil, Kenya and India, and eight Tanzanian technicians were killed early Thursday, and two others seriously injured, following an explosion at a sugar factory in Morogoro region in eastern Tanzania, a local official said.

Shaban Marujugo, Morogoro region commander for the Tanzania Fire and Rescue Force, told Xinhua over the phone that the blast occurred at 1:00 a.m. local time (2300 GMT Wednesday) at the Mtibwa sugar factory in Kilombero district.

The blast hit the control room, where technicians were testing one of the newly fixed heating systems for sugar production, Juma Ramadhan Palamba, an electrician at the plant, told Xinhua, also via phone.

The explosion occurred after a pipe that releases steam into a boiler busted, Palamba said.

The newly fixed system was scheduled to start operations on Friday, he said, noting that he escaped unhurt because he went out of the control room to answer a phone call at the time of the explosion.

**Xinhua**

INDIA

## Nearly 1,000 poultry birds culled in Indian state amid outbreak of bird flu

Authorities in the eastern Indian state of Jharkhand Wednesday started culling poultry birds following the outbreak of bird flu, officials said.

The local government officials have sounded an alert after bird flu cases were detected at a state-run poultry farm in Ranchi, the capital city of Jharkhand.

According to officials, so far 920 poultry birds, including 770 ducks, have been culled at a poultry farm in Morabadi area by the rapid response personnel of the Animal Husbandry Department.

The personnel also destroyed 4,300 eggs at the poultry farm.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Leadership Skills for the Young and Ambitious



If you're reading this, you probably have dreams bigger than your backpack and ambitions that won't fit into a 280-character tweet. You want to lead, inspire, and maybe one day even have a corner office with an epic view. So, let's talk about how to turn those dreams into your daily reality.

## Why Student Council?

Let's start at the beginning—your school's student council. It's not just a resume booster; it's your training ground for the real world. According to a 2018 report by the National Association for College Admission Counseling, involvement in activities like student government is a significant factor in college admissions decisions. Leadership experiences in student council can teach you essential skills like communication, teamwork, and problem-solving, which are all highly transferable to your future career.

## Case Study: Sundar Pichai

Take Sundar Pichai, for example. Before becoming the CEO of Alphabet Inc., Google's parent company, Pichai was the captain of his high school cricket team in India. Leadership on the field gave him valuable lessons on teamwork and strategy, paving the way for his future roles.

## Practical Steps to Student Council Success

### 1. Start Small

Don't be overwhelmed by the big titles. If you're new to student leadership, consider starting with a less daunting role like Class Representative or Treasurer. This allows you to understand the dynamics of student government without the pressure of running the entire show. While in these roles, pay attention to the responsibilities of the higher offices. Take notes on what works and what doesn't, and think about how you would handle different situations. This is also a great time to establish relationships with teachers and staff who can offer valuable insights into leadership and governance.

### 2. Build a Strong Team

If you decide to go for a more significant role like President or Vice-President, remember that a leader is only as good as the team behind them. Work on cultivating a team environment that encourages open communication and values diversity of thought. A leader's strength is often shown through their ability to delegate tasks that play to each team member's strengths. Conduct regular team meetings to assess progress and change course if necessary. Team-building exercises can also help you understand the dynamics of your team and how best to motivate them.

### 3. Set Achievable Goals

Goals are the compass of leadership. Once you've settled into your role, get your team together and develop a list of objectives you want to achieve during your term. Make sure these are SMART goals: Specific, Measurable, Achievable, Relevant, and Time-bound. For instance, instead of saying, "We want a cleaner school," try "We aim to reduce litter in the school corridors by 50% before the end of the semester." Measuring your achievements becomes easier this way, and it's a good practice for the project-oriented world of business.

### 4. Listen and Adapt

Great leaders listen more than they speak. Open forums, suggestion boxes, and direct communication channels with the student body are crucial. The primary role of a student council is to represent the students, and you can't do that if you don't know what they need. Use the feedback to adapt your strategies and goals. Learning how to pivot based on feedback is a skill you'll use throughout your career. It can be the difference between a project that sinks and one that soars.

## Networking

Your ability to forge relationships in the student council is foundational for professional networking later on. The art of cultivating genuine relationships comes into play whether you are negotiating business deals or leading corporate teams.

## Decision-Making

Decision-making is crucial in both student council settings and in the corporate world. In both scenarios, you're often faced with limited resources—be it time, money, or manpower—and you need to allocate these wisely.

## Your Roadmap to Success

**Identify Leadership Opportunities:** Seek out chances to lead, whether it's in class projects or extracurricular activities.

**Find a Mentor:** Having a guide can be invaluable. It can be a teacher, a family friend, or even an online mentor.

**Never Stop Learning:** Whether it's taking online courses or attending workshops, always be willing to expand your skill set.

**Apply for Internships:** Put your skills to the test in the real world. Even a summer job can be a platform for leadership.

**Build Your Personal Brand:** Create a LinkedIn profile, build a portfolio, and start defining who you are as a professional.

Remember, every journey starts with a single step. Whether you're running for student council or drafting your first business plan, you're laying the foundation for a future full of potential. So go on, and make those dreams a reality.

**Source; Youth Time Magazine**

နေပြည်တော်   မေ   ၂၃

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် လူဦးရေစာရင်းများဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့်လူဦးရေစာရင်းများဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက ရွေးကောက်ပွဲတစ်ခုတွင် မဲစာရင်းမှန်ကန်ရေးသည် အရေးကြီးကြောင်း၊ ကော်မရှင်အနေဖြင့် မဲစာရင်းမှန်ကန်ရေးအတွက် အဆင့်ဆင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး e-Government ဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်း၍ မဲဆန္ဒရှင်စာရင်း စီမံခန့်ခွဲမှုစနစ် ရေးဆွဲဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါစနစ်ကို အသုံးပြု၍ ၂၀၂၂ ခုနှစ် ဩဂုတ်လအထိ ရွှေ့ပြောင်းစီမံချက်ဖြင့် ကောက်ယူရရှိထားသည့် အခြေခံလူဦးရေစာရင်းများကို ဆာဗာအတွင်း ထည့်သွင်းခဲ့ပြီးဖြစ်ကြောင်း၊ မဲဆန္ဒရှင်စာရင်း စီမံခန့်ခွဲမှုစနစ်ကိုတိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်ကော်မရှင်အဖွဲ့ခွဲများမှဝန်ထမ်းများကို သင်တန်းများ ဖွင့်လှစ်ပို့ချခဲ့ပြီးဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပမည့် ပုံစံအတိုင်း (၄) ကြိမ် စမ်းသပ်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း။

လက်ရှိအချိန်တွင် မြေပြင်စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီက ပေးပို့လာသည့် အသက်(၁၈)နှစ်ပြည့်ပြီး လူဦးရေစာရင်းများကို မြို့နယ်အဆင့် မဲဆန္ဒရှင်စာရင်းများ စီမံခန့်ခွဲမှုစနစ် (Admin and DEO Software) နှင့် ဗဟိုမဲဆန္ဒရှင်စာရင်းစီမံခန့်ခွဲမှုစနစ်(CVLMS)တို့ကို အသုံးပြု၍ မြို့နယ်အလိုက် စာရင်းထည့်သွင်းခြင်း၊ မဲရုံခွဲခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်နေကြောင်း၊ ထို့ပြင် သန်းခေါင်စာရင်းကောက်ယူပြီး ရရှိလာမည့် နောက်ဆုံးလူဦးရေစာရင်းကိုလည်း အလားတူဆောင်ရွက်ကာ မဲစာရင်းကူးပြောင်းပေးရမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး၏မဲစာရင်းများကို ဆာဗာထဲထည့်သွင်းအတည်ပြုပြီးပါက လေးလတစ်ကြိမ် ပုံမှန်ပြင်ဆင်ပေးခြင်းဖြင့် အမြဲရှင်သန်နေသော မဲစာရင်း (Dynamic Voter List) ကိုရရှိရန် ရည်မှန်းထားကြောင်း၊ DVL သည် Online တွင် အမြဲရှိနေမည်ဖြစ်ကြောင်း၊ ပုံစံ (၆၆/၆) လူဦးရေစာရင်းနှင့် မြေပြင်လူဦးရေစာရင်းမှန်မှ မဲစာရင်းမှန်မည်ဖြစ်ကြောင်း၊ လူဦးရေစာရင်းနှစ်ခု၏ သဘောသဘာဝသည် ပြောင်းလဲနေတတ်ပါကြောင်း၊ မဲစာရင်းကိုလည်း မကြာမကြာပြင်ပေးနေရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးက မြေပြင်စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ၏အသက် (၁၈) နှစ်ပြည့်ပြီး လူဦးရေစာရင်းများကို CVLMS နှင့် DEO Software တို့ဖြင့် ဆောင်ရွက်နေမှုအခြေအနေထည့်သွင်းပြီးသည့်စာရင်းများကို သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများနှင့် စိစစ်ဆောင်ရွက်မည့်အခြေအနေ၊ တိုင်းဒေသကြီး/ပြည်နယ်များက မဲရုံများခွဲဝေသတ်မှတ်ရာတွင် အခြေခံဆောင်ရွက်ရမည့်အချက်များ၊ မဲရုံခွဲဝေသတ်မှတ်ခြင်းကို စမ်းသပ်ညှိနှိုင်းဆောင်ရွက်ရာတွင် တွေ့ရှိခဲ့ရသည့် အခြေအနေများ၊ လူဦးရေစာရင်းပြုစုရာတွင် လိုအပ်သောအချက်အလက်များ ပြည့်စုံမှန်ကန်ရေးအတွက် တွေ့ရှိရသည့် အခက်အခဲများ၊ ဆောင်ရွက်ရန်လိုအပ်ချက်များကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် တက်ရောက်လာသည့် တိုင်းဒေသကြီး/ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ရွေးကောက်ပွဲအရာရှိများက မဲရုံလျာထားမှုနှင့် CVLMS စနစ်ဖြင့် ဆောင်ရွက်မှုအခြေအနေတို့ကို Power Point ဖြင့်လည်းကောင်း၊ ချင်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်လည်းကောင်း ရှင်းလင်းတင်ပြကြပြီး တာဝန်ခံကော်မရှင်အဖွဲ့ဝင်များက ဖြည့်စွက်တင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးတင်ပြကြပြီး အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အမြဲတမ်းအတွင်းဝန်က ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာသူများက အထွေထွေကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ ရွေးကောက်ပွဲအရာရှိများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

မန္တလေး   မေ   ၂၃

# မန္တလေးမြို့၌ ကျောင်းအပ်နှံရေးရက်သတ္တပတ် စတင်ဆောင်ရွက်



၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာ(အထက်တန်း၊ အလယ်တန်း၊ မူလတန်း)ကျောင်းများကို ဇွန်လ ၃ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး "ကျောင်းနေအရွယ် ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ဆောင်ပုဒ်ဖြင့် ကျောင်းအပ်နှံရေးရက်သတ္တပတ်ကို မေလ ၂၃ ရက်မှ ဇွန်လ ၂ ရက်အထိ သတ်မှတ်ထားကာ ယနေ့တွင် ကျောင်းအပ်နှံရေး လုပ်ငန်းစဉ်များကို တစ်နိုင်ငံလုံးအတိုင်း အတာဖြင့် စတင်ဆောင်ရွက်ကြသည်။

မန္တလေးမြို့အတွင်းရှိ အခြေခံပညာကျောင်းများတွင် ယနေ့နံနက်ပိုင်းမှစတင်၍ ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်လျက်ရှိရာ တာဝန်ကျ ဆရာ၊ ဆရာမများက ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ ကျောင်းလာရောက်အပ်နှံရာတွင် စနစ်တကျနှင့် အဆင်ပြေချောမွေ့စေရေး၊ ကျောင်းသားစာရင်းပေးသွင်းရာတွင် စည်းကမ်းတကျဖြစ်စေရေးတို့အတွက် ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ကျောင်းအပ်နှံရေးလုပ်ငန်းဆောင်ရွက်ပေးခြင်းများနှင့်စပ်လျဉ်း၍ အမှတ်(၁၆) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာသန်းထိုက်စိုးက "ကျွန်တော်တို့ကျောင်းမှာ ကျောင်းအပ်နှံမယ့်ကလေးတွေက အရင်ထက်ပိုများပါတယ်။ ကျွန်တော်တို့ကလည်း နိုင်ငံတော်အကြီးအကဲနဲ့ ပညာရေးဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်အတိုင်း ကျောင်းနေအရွယ်ကလေးတွေ၊ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမတက်ဖြစ်တဲ့ကလေးတွေအားလုံးကို ကျောင်းအပ်လက်ခံဖို့ရှိပါတယ်။ ကျွန်တော်တို့မှာ ဆရာအင်အားနဲ့ ကျောင်းဆောင်တွေလည်း အပြည့်ရှိပါတယ်။ အခမဲ့ပညာသင်ကြားပေးခြင်းစနစ်ဖြစ်တဲ့အတွက် ပုံနှိပ်စာအုပ်တွေ၊ ဗလာစာအုပ်တွေ၊ ကျောင်းဝတ်စုံတွေ၊ စာရေးကိရိယာတွေလည်းပေးပါတယ်။ ကျောင်းအပ်နှံဖို့သတ်မှတ်ထားတဲ့ မေလ ၂၃ ရက်ကနေ ဇွန်လ ၂ ရက်နေ့အထိ ကလေးတွေကို ပိတ်ရက်မရှိဘဲ ကျောင်းအပ်လက်ခံသွားပါမယ်။ ကျောင်းဖွင့်ရင်လည်း စာကို အပြည့်အဝသင်ကြားပေးသွားမှာဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းနေအရွယ်ကလေးတွေ ကျောင်းအမြန်ဆုံးအပ်နှံကြဖို့ ဖိတ်ခေါ်ပါတယ်"ဟုပြောသည်။

ကျောင်းအပ်နှံရာတွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် မည်သည့်ငွေကြေးမှမကောက်ခံဘဲ အခမဲ့ပညာရေးစနစ်ဖြင့်ဆောင်ရွက်ပေးနေပြီး ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်များနှင့် ကျောင်းသုံးစာရေးကိရိယာများကိုလည်း ထောက်ပံ့ပေးလျက်ရှိသည်။

ကျောင်းသားမိဘတစ်ဦးကလည်း "ကျောင်းအပ်နှံရတာ အားလုံးအဆင်ပြေပါတယ်။ ဆရာ၊ ဆရာမတွေကလည်း ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်အဆင့်ဆင့်ကို သေချာလေးရှင်းပြပေးပြီး ဆောင်ရွက်ပေးပါတယ်။ ကျွန်တော်တို့သားသမီးတွေရဲ့ ပညာရေး မနှောင့်နှေးစေချင်တဲ့အတွက် အချိန်မီလာရောက်အပ်နှံခြင်းလည်းဖြစ်ပါတယ်။ ကျောင်းသုံးစာအုပ်တွေ၊ စာရေးကိရိယာတွေကိုလည်း အခမဲ့ပေးတဲ့အတွက် ကျေးဇူးလည်းတင်ရှိပါတယ်။ ဒါကြောင့် မိဘတွေအနေနဲ့ မိမိတို့ရဲ့သားသမီးတွေကို ကျောင်းအမြန်ဆုံးလာရောက်အပ်နှံကြဖို့ ကျွန်တော့်အနေနဲ့ တိုက်တွန်းပြောကြားလိုပါတယ်"ဟုပြောသည်။

ကျောင်းများပြန်လည်ဖွင့်လှစ်ရာတွင်လည်း ကျောင်းသား၊ ကျောင်းသူများသန့်ရှင်းသပ်ရပ်စွာ ပညာသင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ထားရှိပြီး ကျောင်းအပ်နှံရေးရက်သတ္တပတ်အတွင်း၌လည်း မန္တလေးမြို့ရှိ ကျောင်းများ၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများက လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း၌ အခြေခံပညာကျောင်းပေါင်း ၄၁၉၈ ကျောင်း၊ ကိုယ်ပိုင်ကျောင်းပေါင်း ၂၃၅ ကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၃၁၁ ကျောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**မောင်အေးချမ်း**

၂၃-၅-၂၀၂၄

## ထူးခြားသည့်နေ့အပူချိန်များ

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ချောက် | ၄၂ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် | ခန္တီး | ၄၁ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် | မြစ်ကြီးနား | ၄၀ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| ဟုမ္မလင်း | ၄၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် | ဖန်းမော် | ၄၀ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် | မြင်းမူ | ၄၀ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| တမူး | ၄၁ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် | မိုးညှင်း | ၄၀ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် | မိုးကောင်း | ၄၀ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |

# နေပြည်တော်၌ အခြေခံပညာကျောင်းများ ကျောင်းအပ်နှံရေးရက်သတ္တပတ် စတင်ဆောင်ရွက်

**နေပြည်တော် မေ ၂၃**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာ(အထက်တန်း၊ အလယ်တန်း၊ မူလတန်း) ကျောင်းများကို ဇွန်လ ၃ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံရေးရက်သတ္တပတ်အဖြစ် မေလ ၂၃ ရက်မှ ဇွန်လ ၂ ရက်အထိ သတ်မှတ်ထားကာ ယနေ့တွင် ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စတင်ဆောင်ရွက်ကြသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများတွင်လည်း ယနေ့နံနက်ပိုင်းမှစတင်၍ "ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ဆောင်ပုဒ်ဖြင့် ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်လျက်ရှိရာ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ကျ ဆရာ၊ ဆရာမများက ကျောင်းအပ်နှံရာတွင် စနစ်တကျနှင့်အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်ပေးကြသည်။

ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် စပ်လျဉ်း၍ အမှတ်-၅ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်က



"ကျွန်တော်တို့ကျောင်းမှာ ကျောင်းသားအသစ်လက်ခံဖို့အဖွဲ့နဲ့ ကျောင်းသားဟောင်းလက်ခံဖို့အဖွဲ့ဆိုပြီး နှစ်ဖွဲ့ခွဲပြီးလက်ခံပါတယ်။ ကျောင်းသားဦးရေ လက်ခံတဲ့အခါမှာ ကိုယ့်နယ်မြေက ကျောင်းသားတွေလက်ခံပြီး ဝင်ဆံ့အင်အားရသေးတယ်ဆိုရင် နယ်ကျော်တွေကို လက်ခံပေးသွားမှာဖြစ်ပါတယ်။ ကျောင်းအပ်လက်ခံရာမှာလည်း အဆင်ပြေချောမွေ့စေဖို့အတွက် မြေပုံလမ်းညွှန်ဆိုင်းဘုတ်တွေ လုပ်ပေးထားပါတယ်။ ကျွန်တော့်ကျောင်းအနေနဲ့ ဆရာ၊ ဆရာမအင်အားလည်း လုံလောက်မှုရှိပါတယ်။ သင်ရိုးအသစ်က ပညာအရည်အချင်းအဆင့်မြင့်မားဖို့အတွက် မြှင့်ထားတဲ့ သင်ခန်းစာဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ကတော့ ကျေနပ်အားရမှုရှိပါတယ်။ ဒါပေမဲ့ စနစ်သစ်ပြင်ထားတာဖြစ်တဲ့အတွက် သင်ကြားရေးဆရာ၊ ဆရာမတွေနဲ့ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့တော့ အခိုက်အတန့် အခက်အခဲလေးတွေရှိပါတယ်။ ဒါတွေကလည်း နှစ်နှစ်၊ သုံးနှစ်ဆိုရင် အဆင်ပြေသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲကလည်း စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ဦးတည်ချက်ချမှတ်ထားတဲ့အတွက် အလယ်တန်းနဲ့ အထက်တန်းအတွက် စာကြည့်ခန်းတစ်ခန်းထားရှိပါတယ်။ မူလတန်းဘက်မှာလည်း ကလေးတွေဖတ်ရှုနိုင်မယ့်စာအုပ်တွေနဲ့ စာကြည့်ခန်းတစ်ခန်း စီစဉ်ထားပါတယ်။ ကျွန်တော့်အနေနဲ့ မိဘပြည်သူတွေအားလုံး ကျောင်းသား၊ ကျောင်းသူတွေကို ကျောင်းကို အရောက်ပို့ပေးကြပါလို့ တိုက်တွန်းပြောကြားချင်ပါတယ်"ဟုပြောကြားသည်။

အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်ရီက "မေလ ၂၃ ရက်ကနေ



ဇွန်လ ၂ ရက်အထိ ကျောင်းအပ်နှံရေးရက်သတ္တပတ်လို့ သိလိုက်ရတဲ့အချိန်ကစပြီး ကျောင်းဥပမိရုပ်ကောင်းမွန်ရေး၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျောင်းအပ်လက်ခံဖို့ တာဝန်ချထားမှုတို့အတွက် ဆရာ၊ ဆရာမတွေကို တာဝန်ပေးအပ်ရပါတယ်။ ကျွန်မက စာကြည့်တိုက်သက်ဝင်လှုပ်ရှားအောင် ပုံမှန်ဆောင်ရွက်ပါတယ်။ စာကြည့်တိုက်ရဲ့ စာဖတ်ရှိန်မြှင့်တင်ရေးကို အမြဲတမ်းဆောင်ရွက်ခဲ့ပါတယ်။ အခု နိုင်ငံတော်အစိုးရက စာဖတ်ရှိန်မြှင့်တင်ရေးကို ဆောင်ရွက်တဲ့အတွက် စာသင်ချိန် ရှစ်ချိန်မှာ စာဖတ်ဖို့အတွက် ဒေသသင်ရိုးချိန်မှာ တစ်ချိန်ထည့်ဆွဲထားပါတယ်။ သင်ရိုးသစ်သင်ကြားရေးမှာ အခက်အခဲမရှိစေရေးအတွက် နွေရာသီမှာ ထက်၊ လယ်၊ မူ အဆင့်အားလုံးက သင်ကြားရေးဆရာ၊ ဆရာမတွေကို မွမ်းမံသင်တန်းပေးထားပါတယ်။ ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းကိုရောက်ရှိရေးအတွက် အတန်းပိုင်ဆရာ၊ ဆရာမတွေနဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က တစ်ဆင့် ရပ်ကွက်ထဲမှာရှိတဲ့ကလေးတွေအားလုံး ကျောင်းအပ်နှံပေးဖို့နှိုးဆော်ပါတယ်" ဟု ပြောကြားသည်။

အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သက်သက်သင်းက " မေလ ၂၃ ရက်



ကနေ ဇွန်လ ၂ ရက်အထိ အခြေခံကျောင်းများ ကျောင်းအပ်နှံရေးရက်သတ္တပတ်အဖြစ် ကျောင်းအပ် လက်ခံသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်က အခမဲ့ပညာရေးစနစ်ဖြစ်တဲ့အတွက် ကျောင်းသုံးဗလာစာအုပ်၊ ပုံနှိပ်စာအုပ်၊ ဘောပင်၊ ခဲတံ၊ ကျောင်းဝတ်စုံတွေကို အတန်းလိုက်ထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်။ ကျောင်းတွင်း၊ ကျောင်းပြင်သန့်ရှင်းသာယာလှပရေး၊ စာသင်ခန်းအတွင်း အလင်းရရှိရေး၊ စာသင်ခုံများနေရာချထားရေးနဲ့ သန့်စင်ခန်းတွေကိုလည်း စနစ်တကျပြင်ဆင်ထားပါတယ်။ ဝန်ထမ်းရပ်ကွက်ဖြစ်တဲ့အတွက် ကျောင်းအပ်လက်ခံချိန်ကို မနက် ၈ နာရီမှ ညနေ ၄ နာရီအထိ လက်ခံပေးသွားမှာဖြစ်ပါတယ်။ ယခင်နှစ်ကတော့ စာသင်ချိန်ဇယားကို တစ်နေ့မှာ ၄၅ မိနစ်နဲ့ စာသင်ချိန် ရှစ်ချိန်ဆွဲထားပါတယ်။ ဒီနှစ်မှာတော့ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအချိန်မှာ စာဖတ်ဖို့အချိန်အဖြစ် ပြောင်းလဲထည့်ဆွဲသွားမှာဖြစ်ပါတယ်။ ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းရောက်ရှိရေးဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ လူငယ်တွေအားလုံးက ကျောင်းကိုရောက်ရှိရမှာဖြစ်ပါတယ်။ ဗလငါးတန်ဖွံ့ဖြိုးဖို့အတွက် ကျောင်းတွေကနေ သင်ကြားပေးနေပါတယ်။ ဒါကြောင့် မိဘများအနေဖြင့် ကလေး၊ လူငယ်အားလုံးကို ကျောင်းအပ်နှံကြပါလို့တိုက်တွန်းချင်ပါတယ်"ဟုပြောကြားသည်။

ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များဆောင်ရွက်ပေးနေမှုအခြေအနေများနှင့်စပ်လျဉ်း၍ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှကျောင်းအုပ်ဆရာကြီး ဦးဝင်းခိုင်က "နိုင်ငံတော်အဆင့် လူထုလှုပ်ရှားမှုအသွင်



နဲ့ မေလ ၁၆ ရက်မှာ ကျောင်းအပ်နှံရေးရက်သတ္တပတ်ဆိုင်းဘုတ်တွေကို နေပြည်တော် အထင်ကရနေရာတွေမှာ စိုက်ထူခဲ့ပါတယ်။ ကျောင်းအပ်နှံရေးစတင်ပြင်ဆင်ပြီဆိုတာနဲ့တစ်ပြိုင်နက် ကျောင်းသန့်ရှင်းသာယာလှပရေးနဲ့ ကျောင်းတွင်းကျောင်းပြင်တွေကို ပြင်ဆင်ပါတယ်။ မေလ ၂၃ ရက်ကစပြီး ကျောင်းအပ်လက်ခံပြီဆိုတာကို ကျောင်းသားတွေ၊ ကျောင်းသားမိဘတွေ၊ မိဘဆရာအသင်းတွေ၊ ကျောင်းအကျိုးတော်ဆောင်တွေ၊ ရပ်မိရပ်ဖတွေ၊ သက်ဆိုင်ရာရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးတွေနဲ့ ချိတ်ဆက် အသိပေးဆောင်ရွက်ခဲ့ပါတယ်။ ကျောင်းသားအသစ်အဟောင်းမည်သူမဆို ပုံနှိပ်တစ်စုံ၊ ဗလာစာအုပ်တစ်ဒါဇင်၊ ခဲတံ၊ ဘောပင်၊ ကျောင်းဝတ်စုံတို့ကို ကျောင်းလာအပ်တာနဲ့ တစ်ပါတည်းပေးနိုင်ဖို့ ဆောင်ရွက်ထားပါတယ်။ အခြေခံပညာဦးစီးဌာနက ထုတ်ပြန်ထားတဲ့အတိုင်း ကျွန်တော့်ကျောင်းမှာ ဆရာ၊ ဆရာမများနဲ့ပတ်သက်ပြီး အလုံအလောက်ရှိပါတယ်။ ဌာနသတ်မှတ်ချက်နဲ့ကိုက်ညီတဲ့ ကျောင်းတစ်ကျောင်းဖြစ်တဲ့အပြင် သင်ရိုးညွှန်းတမ်းနဲ့ပတ်သက်ပြီး ဝိရောဓိမရှိလောက်အောင် ကောင်းမွန်အောင် ဆောင်ရွက်ထားပါတယ်။ သင်ရိုးညွှန်းတမ်းနဲ့အညီ ခွဲဝေထားတဲ့စာသင်ချိန်ကလည်း ပြီးပြည့်စုံတဲ့ ပညာရေးစနစ်တစ်ခုကိုသွားလို့ရတဲ့အနေအထားဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲက စာဖတ်ရှိန်မြှင့်တင်ရေးကို အလေးပေးဆောင်ရွက်ကြဖို့ ညွှန်ကြားထားတာရှိတဲ့အတွက် အချိန်ဇယားခွဲဝေမှုမှာ စာဖတ်ချိန်ကို အလယ်တန်းလေးချိန်၊ အထက်တန်း သုံးချိန်ပေးထားပါတယ်။ Grade-4 ကစပြီး Grade-12 အထိ ကလေးတွေအားလုံးကို စာအုပ်စာပေဖတ်ရှုဖို့ တရားဝင် အချိန်ဇယားရေးဆွဲပြီး စီစဉ်ဆောင်ရွက်ထားပါတယ်။ ကျောင်းသား၊ ကျောင်းသူအားလုံး ပညာသင်ယူနေတာဟာ အကောင်းဆုံးဖြစ်ပါတယ်။ ဒါကြောင့် ပညာသင်ယူဖို့အခွင့်အလမ်းကို ကျွန်တော်တို့ ပညာရေးဌာနကဝန်ထမ်းတွေနဲ့ မိဘပြည်သူတွေပေါင်းစပ်ပြီး ကလေး၊ လူငယ်အားလုံး ပျော်ရွှင်ကျန်းမာစွာ ပညာသင်ယူကြပါစို့လို့ တိုက်တွန်းလိုပါတယ်" ဟုပြောကြားသည်။

အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယမင်းသူက "ကျောင်းအပ်နှံရေးနေ့လို့



စပြီး သိရှိကတည်းက ကျောင်းဝင်း၊ ကျောင်းပြင်မှာ သန့်ရှင်းရေးပြုလုပ်ထားပါတယ်။ စာသင်ခန်းတွေမှာလည်း ခုံတွေစနစ်တကျနေရာချထားပါတယ်။ အခမဲ့ကျောင်းအပ်နှံရေးဖြစ်တဲ့အတွက် အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းသား၊ ကျောင်းသူများအတွက် ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံတွေကိုပေးအပ်သွားမှာဖြစ်ပါတယ်။ မူလတန်းအတွက် ကျောင်းဝတ်စုံ အဖြူအစိမ်းကိုလည်း ပေးအပ်သွားမှာ ဖြစ်ပါတယ်။ ကျောင်းပြောင်းကျောင်းရွှေ့အတွက် ခက်ခဲတဲ့ဒေသတွေက လာရောက်အပ်နှံတယ်ဆိုရင် ကျောင်းပြောင်းလက်မှတ်မပါသော်လည်း ယာယီလက်ခံထားပါတယ်။ အမှန်တကယ် ခက်ခဲတဲ့ဒေသတွေမှာ တစ်နှစ်ပတ်လုံး ကျောင်းပြောင်းလက်မှတ်မရောက်ခဲ့ရင်လည်း လက်ခံပြီး စာမေးပွဲဖြေခွင့်ရအောင် ဆောင်ရွက်ပေးပါတယ်။ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ဒီနှစ်မှာတော့ စာဖတ်ချိန်အချိန်ဇယားထည့်ဆွဲထားပါတယ်။ ယခင်အချိန်စာရင်းတုန်းကလည်း အတန်းစုံက တစ်ပတ်မှာတစ်ချိန် စာကြည့်တိုက်တက်ရပါတယ်။ မိဘတွေအနေနဲ့ မိမိတို့ရဲ့ သား၊ သမီးတွေကို ကျောင်းလာအပ်ကြဖို့ ဖိတ်ခေါ်ပါတယ်။ တိုက်တွန်းပါတယ်" ဟုပြောကြားသည်။

အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သက်ထားဆွေက "ကျောင်းအပ်နှံရေးရက်သတ္တပတ်အဖြစ် မေလ ၂၃ ရက်ကနေ ဇွန်လ ၂ ရက်နေ့အထိသတ်မှတ်ပါတယ်။ ဒါပေမဲ့



ခက်ခဲတဲ့ဒေသကဆိုရင် အဆင်ပြေအောင် လက်ခံပေးသွားမှာဖြစ်ပါတယ်။ ကျောင်းအပ်လက်ခံအချိန်ကိုတော့ ဝန်ထမ်းတွေအများဆုံးနေထိုင်တာဖြစ်တဲ့အတွက် မနက် ၇ နာရီကနေ ညနေ ၄ နာရီအထိ သတ်မှတ်ပါတယ်။ နွေရာသီကျောင်းပိတ်ရက်မှာဆိုရင် သင်ကြားရေးဆရာ၊ ဆရာမတွေနဲ့ ကျောင်းသား၊ ကျောင်းသူတွေအတွက် သင်တန်းလေးတွေ ဖွင့်ပေးထားပါတယ်။ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာကြည့်ချိန်ကို အချိန်ဇယားထဲ ထည့်ဆွဲရမယ်ဆိုတော့ ကျောင်းသား၊ ကျောင်းသူတွေအတွက် သင့်တော်ကောင်းမွန်တယ်လို့ထင်မိပါတယ်။ ကျောင်းနေအရွယ်ကလေးအားလုံး ပညာကိုမဖြစ်မနေသင်ယူရမှာဖြစ်တဲ့အတွက် မိဘများအနေနဲ့ ကျောင်းကို လာရောက်အပ်နှံကြပါလို့ တိုက်တွန်းချင်ပါတယ်" ဟုပြောကြားသည်။

ကျောင်းများပြန်လည်ဖွင့်လှစ်ရာတွင် ကျောင်းသား၊ ကျောင်းသူများသန့်ရှင်းသပ်ရပ်စွာဖြင့် ပညာသင်ကြားနိုင်ရေးအတွက်လည်း ကျောင်းဥပမိရုပ်ကောင်းမွန်စေရန် ဆောင်ရွက်ထားခြင်း၊ ပညာရေးဝန်ကြီးဌာနက ချမှတ်ထားသည့် စည်းကမ်းသတ်မှတ်ချက်များနှင့် ဆောင်ပုဒ်များစိုက်ထူထားခြင်း၊ ကျောင်းအပ်ရန် စာသင်ခန်းများပြစနစ်ပုံဆိုင်းဘုတ်များထားရှိခြင်း၊ စာသင်ခန်းများအတွင်း၌လည်း စာသင်ခုံများစနစ်တကျနေရာချထားခြင်းနှင့်ကျောင်းတွင်း၊ ကျောင်းပြင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ထားသည်ကိုလည်း တွေ့မြင်ရသည်။

ထို့ပြင် တာဝန်ထမ်းဆောင်နေသော ဆရာ၊ ဆရာမများနှင့် ကျောင်းလာရောက်အပ်နှံသည့် ကျောင်းသား၊ ကျောင်းသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက်လည်း သက်ဆိုင်ရာမြို့နယ်အလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများက လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ကျောင်းသား၊ ကျောင်းသူများလုံခြုံစိတ်ချစွာဖြင့် ကျောင်းတက်၊ ကျောင်းဆင်းသွားလာနိုင်ရန်အတွက် ကျောင်းကြို၊ ပို့ယာဉ်များကိုလည်း စီစဉ်ဆောင်ရွက်ပေးထားသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ကိုယ်ပိုင်ကျောင်းအသီးသီး၌ ယနေ့တွင် ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိရာ မူလတန်းအဆင့်၌ ၅၂၃၀၆ ဦး၊ အလယ်တန်းအဆင့်၌ ၂၁၀၀၆ ဦးနှင့် အထက်တန်းအဆင့်၌ ၈၇၇၉ ဦး စုစုပေါင်း ၈၂၀၉၁ ဦး လာရောက်အပ်နှံကြကြောင်းသိရသည်။

**သန့်ဂျိုင်း**

**ဓာတ်ပုံ-ကိုအေးသန်း**

# အမြို့မြို့အနယ်နယ်၌ ကျောင်းစတင်အပ်နှံ

## ဥတ္တရသီရိ

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ မေလ ၂၃ ရက်မှ ဇွန်လ ၂ ရက်အထိ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံခြင်းများကို မေလ ၂၃ ရက်နံနက်ပိုင်းမှစတင်က ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်မျိုးဝင်း(ပြန်/ဆက်)**





## သဲကုန်း

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် တစ်နိုင်ငံလုံးအတိုင်းအတာအရ ၂၀၂၄ ခုနှစ် မေလ ၂၃ ရက်မှ ဇွန်လ ၂ ရက်အထိ ဆောင်ရွက်မည်ဖြစ်ရာ ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံခြင်းကို မေလ ၂၃ ရက်နံနက်ပိုင်းမှစတင်၍လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုကျော်(ပြန်/ဆက်)**

## နတ်တလင်း


ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် အခြေခံပညာကျောင်းများ၌ မေလ ၂၃ ရက်မှစတင်၍ တစ်ပြိုင်နက် ကျောင်းအပ်လက်ခံလျက်ရှိရာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသားများ စုံစုံညီညီလာရောက်အပ်နှံကြကြောင်း သိရသည်။

**ညွန့်ဝင်း(နတ်တလင်း)**

## ဇီးကုန်း

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့ ဆောင်ပုဒ်နှင့်အညီ ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံခြင်းကို မေလ ၂၃ ရက် နံနက်ပိုင်းမှစ၍ သက်ဆိုင်ရာကျောင်းများအလိုက် လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**တင့်ဆွေ(ပြန်ဆက်)**



## မြောင်းမြ

မြောင်းမြမြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ မေလ ၂၃ ရက်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းအပ်စတင်လက်ခံပေးလျက်ရှိကြောင်း သိရသည်။

**ဓေယျာ(ပြန်/ဆက်)**



## ရေနံချောင်း

ရေနံချောင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းအသီးသီး၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံခြင်းလုပ်ငန်းများကို မေလ ၂၃ ရက် နံနက်ပိုင်းမှစတင်၍ ဆရာ၊ ဆရာမများက စနစ်တကျလက်ခံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## တောင်တွင်းကြီး

တောင်တွင်းကြီးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံခြင်းကို မေလ ၂၃ ရက် နံနက်ပိုင်းမှစတင်၍ ကျောင်းအပ်လက်ခံပေးလျက်ရှိရာ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ မိဘများက အေးချမ်းပျော်ရွှင်စွာ ကျောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

**ရန်နောင်စိုး(ပြန်/ဆက်)**



## သထုံ

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိအခြေခံပညာကျောင်းများ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးလုပ်ငန်းများကို မေလ ၂၃ ရက် နံနက်ပိုင်းမှစတင် လက်ခံလျက်ရှိရာ ကျောင်းသား၊ ကျောင်းသူများအား မိဘအုပ်ထိန်းသူများက ကျောင်းလာရောက်အပ်နှံလျက်ရှိပြီး တာဝန်ရှိသူများက လိုအပ်သည်တို့ကို ကူညီဆောင်ရွက်ပေးကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



နေပြည်တော် မေ ၂၃

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတက်ရောက်

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း သီရိမင်္ဂလာခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ရပ်မိရပ်ဖများ၊ ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ မိဘဆရာအသင်းဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက “ကျောင်းအပ်နှံရေးသီတင်းပတ်”သီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက အမှာစကားပြောကြားရာတွင် ပညာသင်ကြားခြင်းသည် ကလေးများ၏ ဘဝရှေ့ရေးအတွက် အရေးအကြီးဆုံးလိုအပ်ချက်ဖြစ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်ရန် ပညာရေးမြှင့်တင်မှုကိုအလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျောင်းနေအရွယ်ကလေးတိုင်း (KG+9) အခြေခံပညာအလယ်တန်းအဆင့်ပြီးဆုံးသည်အထိ ပညာသင်ကြားနိုင်ရန် ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ (KG+9) အဆင့်ပြီးဆုံးသည့်အခါ အသက်မွေးဝမ်းကျောင်းပညာသင်ကြားမည့် ကျောင်းများသို့ ဆက်လက်တက်ရောက်နိုင်ပြီး လုပ်ငန်းခွင်ဝင်ရောက်နိုင်သလို သတ်မှတ်အရည်အချင်းပြည့်မီပါက အဆင့်မြင့်ပညာများကို ဆက်လက်သင်ယူနိုင်မည်ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအားလုံးအလယ်တန်းအဆင့် (Grade-9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို သင်ယူလေ့လာခွင့်ရရှိနိုင်ရေးအတွက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း နှစ်ကျောင်းကို ပျဉ်းမနားမြို့နယ် အ. ထ. က(၁)နှင့် ပုဗ္ဗသီရိမြို့နယ် အ. ထ. က(၂၀)တို့တွင် ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် လယ်ဝေးမြို့နယ် အ. ထ. က (ပျံချီ)နှင့် တပ်ကုန်းမြို့နယ် အ. ထ. က (MRTV)တို့တွင် တိုးချဲ့ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း။

ကျောင်းအပ်သည့်ကလေးများအတွက် ကျောင်းသုံးပြဋ္ဌာန်းပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်နှင့် ကျောင်းဝတ်စုံများကို အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ “ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့” ဟူသည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့သီတင်းပတ်ဆောင်ပုဒ်ကို မိဘအုပ်ထိန်းသူများ၊ ရပ်ရွာလူထုများ၊ ဌာနဆိုင်ရာများအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးအနက်ထား အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများကို စာပေပညာတတ်မြောက်စေရေးအပြင် ဗလငါးတန်နှင့်ပြည့်စုံသည့် နိုင်ငံ့သားကောင်းများဖြစ်အောင်လေ့ကျင့်သင်ကြားပြုစုပျိုးထောင်ကြရန်အတွက် အားလုံးကပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းနှင့် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်တို့က တာဝန်ရှိသူများထံ အခမဲ့ ပုံနှိပ်များ၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံနှင့် ကျောင်းဝတ်စုံများ ပေးအပ်ကြသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက “ဇာတိမာန်” သီချင်းဖြင့် ဖျော်ဖြေကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် စာသင်ခန်းအလိုက် ကျောင်းအပ်လက်ခံနေမှုများကို ကြည့်ရှုအားပေးကာ အဆိုပါကျောင်းရှိ ကျောင်းစာကြည့်တိုက်အား ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်းသိရသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

---

နေပြည်တော် မေ ၂၃

# SME **နှစ်ဆင့်ချေးငွေစီမံကိန်း အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဘဏ်ချေးငွေရရှိရေးလုပ်ငန်းအဖွဲ့**(Working Committee)**အစည်းအဝေးကျင်းပ**



SME နှစ်ဆင့်ချေးငွေစီမံကိန်း အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဘဏ်ချေးငွေရရှိရေးလုပ်ငန်းအဖွဲ့ (Working Committee)(၁/၂၀၂၄) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် ဘဏ်ချေးငွေရရှိရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက JICA (ODA) SME နှစ်ဆင့်ချေးငွေစီမံကိန်းအဆင့်-၁ ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး စီမံကိန်းအဆင့်-၂ ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ စီမံကိန်းအဆင့်-၁ တွင် ငွေရေးကြေးရေးဆိုင်ရာပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများဖြစ်သော PFI ဘဏ် ခြောက်ဘဏ်မှတစ်ဆင့် ၂၀၂၄ ခုနှစ် ဧပြီလကုန်အထိ SME လုပ်ငန်းရှင် ၆၁၆ ဦးသို့ ချေးငွေကျပ် ၁၄၂ ဒသမ ၀၃၈ ဘီလီယံထုတ်ချေးခဲ့ပြီးဖြစ်ကြောင်း၊ စီမံကိန်းအဆင့်-၂ တွင် ငွေရေးကြေးရေးဆိုင်ရာပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများဖြစ်သော PFI ဘဏ် ၁၁ ဘဏ်မှတစ်ဆင့် ၂၀၂၄ ခုနှစ် ဧပြီလကုန်အထိ SME လုပ်ငန်းရှင် ၁၈၆၉ ဦးသို့ ချေးငွေကျပ် ၃၆၈ ဒသမ ၃၆၉ ဘီလီယံထုတ်ချေးခဲ့ပြီးဖြစ်ကြောင်း။

Working Committee အဖွဲ့ဝင်များအနေဖြင့်ယနေ့ဆွေးနွေးသည့်အချက်အလက်များအပေါ် မူတည်၍ နိုင်ငံတော်မှချမှတ်ထားသည့် မူဝါဒများနှင့် ညီညွတ်အကျုံးဝင်သည့် SME လုပ်ငန်းများထံသို့ အတိုးနှုန်းသက်သာသည့် နှစ်ဆင့်ချေးငွေများ ရောက်ရှိစေရေးနှင့် ထိရောက်စွာသုံးစွဲနိုင်ရေးအတွက် ဆွေးနွေးပေးစေလိုကြောင်း၊ ယခုစီမံကိန်းသည် အောင်မြင်သည့် စီမံကိန်းတစ်ခုဖြစ်သည့်အပြင် SME လုပ်ငန်းများအတွက်လည်း များစွာအကျိုးကျေးဇူးဖြစ်ထွန်းပါကြောင်း၊ နိုင်ငံတော်မှ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ဆောင်ရွက်နေချိန် ရည်ရွယ်ချက်နှင့် ကိုက်ညီသည့် စီမံကိန်းတစ်ခုလည်းဖြစ်ကြောင်း၊ ချေးငွေများကို ပြန်လည်ပေးဆပ်သည့်အချိန်တွင် အပြည့်အဝပြန်လည်ရရှိရန် လိုအပ်ကြောင်း၊ ချေးငွေအသစ်များကို ထုတ်ချေးရာတွင်လည်း သတ်မှတ်ထားသည့် စည်းမျဉ်း/စည်းကမ်းများ၊ မူဝါဒများနှင့် ကိုက်ညီစေရန် စနစ်တကျစိစစ်ထုတ်ချေးရန်လိုအပ်ကြောင်း။

မြန်မာ့စီးပွားရေးဘဏ်အပါအဝင် PFIs ဘဏ်များအနေဖြင့် နိုင်ငံတော်မှချမှတ်ထားသောမူဝါဒဖြစ်သည့် သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများ၊ ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် MSME လုပ်ငန်းများကို ဦးစားပေးထုတ်ချေးနိုင်ရေးဆောင်ရွက်ရန်နှင့် ထုတ်ချေးပြီးသည့် ချေးငွေများ NPL မဖြစ်ပေါ်စေရေးအတွက် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ယင်းချေးငွေသည် အတိုးနှုန်းသက်သာသည့် ချေးငွေဖြစ်သည့်အပြင် နိုင်ငံတော်မှချမှတ်ထားသည့် ဦးစားပေးကဏ္ဍများနှင့် ကိုက်ညီမှုရှိသဖြင့် စဉ်ဆက်မပြတ်ထုတ်ချေးနိုင်ရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် အစည်းအဝေးကို အစီအစဉ်အတိုင်းကျင်းပပြီး ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ကြသည်။

မြန်မာနိုင်ငံရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်အနေဖြင့် လိုအပ်သောငွေကြေးထောက်ပံ့မှုများကို ကူညီပံ့ပိုးပေးနိုင်ရန် SME နှစ်ဆင့်ချေးငွေစီမံကိန်း အဆင့်-၁ ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး နှစ်ဆင့်ချေးငွေစီမံကိန်း အဆင့်-၂ ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

---

နေပြည်တော် မေ ၂၃

# ပြင်ဦးလွင်နှင့် ပင်လောင်းမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေလ ၂၁ ရက် ည ၆ နာရီတွင် ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာအုပ်စု ဝက်ဝံကျေးရွာအနီးတွင် ဇော်မျိုးအောင်(ခ) ဖိုးဇော် မောင်းနှင်ပြီး မထားထားနွယ်(ခ)မထားနှင့် မစန်းနွယ်(ခ)မပွားတို့လိုက်ပါလာသည့် CROWN အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၈၇၇၅၀ ကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ ည ၆ နာရီတွင် ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် ပင်လောင်းကျေးရွာအုပ်စု လွယ်ပြားကျေးရွာအနီးတွင် ဆန်းဝင်း မောင်းနှင်ပြီး သီဟစိုးလိုက်ပါလာသည့် MITSUBISHI CANTER အမျိုးအစား မော်တော်ယာဉ်ကိုရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

**ဇော်မျိုးအောင်(ခ)ဖိုးဇော်၊ မထားထားနွယ်(ခ)မထားနှင့်မစန်းနွယ်(ခ)မပွားတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။**




နေပြည်တော်  မေ  ၂၃

# ဘီးလင်းမြို့နယ်၊ ရန်ကုန်-မော်လမြိုင်သွား ပြည်ထောင်စုကားလမ်းမပေါ်ရှိ တံတားတစ်စင်းအား KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်ပူးပေါင်းအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီး





အကြမ်းဖက်သမားများသည် နိုင်ငံတည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန်၊ ဒေသတွင်းကုန်စည်စီးဆင်းမှုရပ်တန့်စေပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် အများပြည်သူအသုံးပြုနေသည့် လမ်း၊ တံတားများနှင့် မီးရထားလမ်းများကို မိုင်းထောင်ဖောက်ခွဲခြင်း၊ ရုံးဌာနအဆောက်အဦများ၊ စာသင်ကျောင်းများ၊ အများပြည်သူ နေထိုင်လျက်ရှိသောနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို ဆင်ခြင်တုံတရားကင်းမဲ့စွာ နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်ခဲ့ကြသည်ကို ပြည်သူများ သိရှိပြီးဖြစ်သည်။




ရန်ကုန်-မော်လမြိုင် ပြည်ထောင်စုကားလမ်းမကြီးပေါ်ရှိ မစောတံတားအား KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်ပူးပေါင်းအဖွဲ့မှ မိုင်းထောင်ဖောက်ခွဲခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။

ယခုတွင်လည်း အများပြည်သူအားထားအသုံးပြုလျက်ရှိသည့် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ရန်ကုန်-မော်လမြိုင်သွား ပြည်ထောင်စုလမ်းမပေါ်ရှိ မိုင်တိုင်အမှတ်၊ ၁၂၉/၁ နှင့် ၁၂၉/၂ ကြား၊ တံတားအမှတ်(၁/၁၃၀)၊ အရှည် ၁၀၆ ပေ၊ အကျယ် ၂၄ ပေ၊ ခံနိုင်ဝန်တန် ၆၀ ရှိ သံကူကွန်ကရစ်အမျိုးအစား မစောတံတားကို ယနေ့နံနက် ၅ နာရီခန့်တွင် KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့များက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် တံတားပြိုကျပျက်စီးမှုဖြစ်ပွားခဲ့သည်။ ထိုသို့ တံတားကို မိုင်းထောင်ဖောက်ခွဲမှုကြောင့် တံတားပေါ်တွင် ဖြတ်သန်းမောင်းနှင်နေသည့် မော်တော်ဆိုင်ကယ် ၃ စီး တံတားအောက်သို့ ပြုတ်ကျခဲ့ပြီး ခရီးသွားပြည်သူ ၁ ဦး သေဆုံး၍ ၂ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ဒဏ်ရာရရှိသူ ၂ ဦးအား ဘီးလင်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရှိရသည်။

အကြမ်းဖက်သမားများအနေဖြင့် အများပြည်သူသွားလာမှုခက်ခဲစေရန်နှင့် အထိတ်တလန့်ဖြစ်ပြီး ကြောက်ရွံ့လာစေရန်၊ ကုန်စည်စီးဆင်းမှုကို ထိခိုက်ဆုံးရှုံးမှုဖြစ်စေပြီး တည်ငြိမ်မှုပျက်ပြားစေရန် ရည်ရွယ်၍ စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူ အသုံးပြုလျက်ရှိသည့် လမ်းတံတားများအား ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းသည် စစ်ရာဇဝတ်မှု (War Crime)ကို ကျူးလွန်ခြင်းဖြစ်သည်။





ရန်ကုန်-မော်လမြိုင် ပြည်ထောင်စုကားလမ်းမကြီးပေါ်ရှိ မစောတံတားအား KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDFအမည်ခံအကြမ်းဖက်ပူးပေါင်းအဖွဲ့မှ မိုင်းထောင်ဖောက်ခွဲမှုကြောင့် တံတားပျက်စီးမှုမှတ်တမ်းဓာတ်ပုံ။

အဆိုပါ မိုင်းခွဲဖျက်ဆီးမှုကြောင့် လက်ရှိတွင် လူနှင့် ယာဉ်ကြီး/ယာဉ်ငယ်များ ဖြတ်သန်းသွားလာရန် အခက်အခဲများဖြစ်ပေါ်လျက်ရှိသဖြင့် တံတားပျက်စီးမှုအား သက်ဆိုင်ရာ လမ်း/တံတားဦးစီးဌာနမှ ဝန်ထမ်းများနှင့်တာဝန်ရှိသူများက အမြန်ဆုံး ပြင်ဆင်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး(Counter-Terrorism Operation)ကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)




## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါကျောက်ကျင်းအရေအတွက်
## ပြင်ဆင်ချက်

မြန်မာ့မီးရထားမှ ခေါ်ယူခဲ့သော တင်ဒါအမှတ် - ၃၈/မမ/ပတ/CE (24-25) ရေနီဘူတာအရောက်(1" x 1½")အရွယ်(စက်ခွဲ) လမ်းခင်းကျောက်(၄၀၀၀)ကျင်းအစား(1" x 1½")အရွယ်(စက်ခွဲ) လမ်းခင်းကျောက်(၂၀၀၀)ကျင်းနှင့် လမ်းခင်းကျောက် (Ballast) (၂၀၀၀)ကျင်းအဖြစ် ပြင်ဆင်သတ်မှတ်ပါသည်။ ကျန်ဘူတာများအတွက် အရေအတွက်မပြောင်းလဲပါ။

တင်ဒါပိတ်မည့်နေ့/အချိန် - (၃၀-၅-၂၀၂၄)နေ့လယ်(၂း၃၀)နာရီ

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 294352, 291994**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ ရန်ကုန်မြို့တွင် လိုအပ်သောဆေးနှင့် ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးဆေးပစ္စည်းများနှင့် Consumables များ ဝယ်ယူရန်အတွက် မြန်မာကျပ်ငွေဖြင့် အစိုးရအသိအမှတ်ပြုသည့်ကုမ္ပဏီများထံမှ ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက်နှင့်အချိန် - (၂၄-၅-၂၀၂၄)ရက် နံနက်(၁၀း၀၀)နာရီ
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - (၆-၆-၂၀၂၄)ရက် ညနေ(၄း၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် လုပ်ငန်းများ၊ အသေးစိတ်ကို သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး၊ ဖုန်း-၀၉ ၄၄၃၀၉၇၁၈၃ (သို့မဟုတ်) ၃၅-မော်ကွန်းတိုက်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၈၃၇၁၉၅၇ သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန**
**၃၅-မော်ကွန်းတိုက်လမ်း၊ ဒဂုံမြို့နယ်၊**
**ရန်ကုန်မြို့**

### ပျောက်ဆုံးကြောင်း

ဟိဏ်းစည်သူ(ဘ)ဦးသန်းနိုင် ၁၂/သကတ(နိုင်)၁၇၃၅၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 432005)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

မောင်စန်ခါ(ရ်)ဦးဘို(တ်)ကူမာရ် ၉/ပဥလ(နိုင်)၀၁၄၅၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၂၅၄၇၁၈၂**

### ပျောက်ဆုံးကြောင်း

လျှခွမ်းမေ(ဘ)ဦးယုံခမ်း ၁၃/လရန(နိုင်)၂၂၁၉၇၈ ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**စာပေမြင့်မှ လူမျိုးတင့်မည်**

နေပြည်တော် မေ ၂၃

# နေပြည်တော်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကွင်းဆင်းကြည့်ရှုစစ်ဆေး



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနား မြို့နယ်သမဝါယမအသင်းစုပိုင် ဘက်စုံသုံးခြံသို့ရောက်ရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော မြို့နယ်သမဝါယမအသင်းစု ဘက်စုံခြံကုန်ထုတ်လမ်းဆောင်ရွက်နေမှု၊ သမဝါယမဦးစီးဌာနမှ ရုရှားသဘာဝမြေဩဇာအသုံးပြု၍စမ်းသပ်စိုက်ပျိုးခဲ့သော နှမ်းစပါး၊ အစေ့ထုတ်ပြောင်းရိတ်သိမ်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးက ကုန်ထုတ်လမ်းဖောက်လုပ်ဆောင်ရွက်နေမှုအခြေအနေများ၊ သမဝါယမဦးစီးဌာနဦးစီးမှူးက နှမ်းစပါး၊ အစေ့ထုတ်ပြောင်းရိတ်သိမ်းနေမှုများနှင့် အထွက်နှုန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများ အချိန်မီပြီးစီးရေးအလေးထားဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ရုရှားသဘာဝမြေဩဇာအသုံးပြု၍ စမ်းသပ်စိုက်ပျိုးခဲ့သော နှမ်းစပါး၊ အစေ့ထုတ်ပြောင်းတစ်ဧကအထွက်နှုန်း၊ စိုက်ပျိုးမှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို စနစ်တကျမှတ်တမ်းထားရှိပြီး အားနည်းချက် အားသာချက်များကိုဖော်ထုတ်ကာ ဆက်လက်စိုက်ပျိုးပါက အားနည်းချက်များကို ပြုပြင်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘက်စုံခြံအတွင်း ခြံလှောင်စနစ်ဖြင့် မွေးမြူထားသော ဒေသနွားမျိုးနှင့် Brahman နွားမျိုးများ မွေးမြူထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများအနေဖြင့် တိရစ္ဆာန်ရောဂါများ မကျရောက်စေရေးနှင့် ကြီးထွားမှုနှုန်းများ ကောင်းမွန်စေရေး သတ်မှတ်ထားသည့် လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ကြရန်၊ မြေလွတ်မြေလပ်မထားရှိဘဲ အပြည့်အဝအသုံးချနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်၍ ရရှိသည့်အကျိုးအမြတ်များကို အသင်းသားများထံ ပွင့်လင်းမြင်သာစွာ ခွဲဝေပေးရန်နှင့် အသင်းသားများကလည်း လုပ်ငန်းအောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။

ထို့နောက်တစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ် ဖြုတ်ခွဲကျေးရွာသို့သွားရောက်ပြီး ကျောက်စိမ်းလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းလီမိတက်နှင့် သားတင်ဦး အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်မည့် အဆင့်မြင့်ဆီစက်တည်ဆောက်ခြင်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများ မိုးမကျမီ Foundation ပြီးစီးရန်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်စပ်ဝန်ကြီးဌာနများသို့ တင်ပြခွင့်ပြုချက်ရယူရန်ရှိသည်များဆောင်ရွက်ရန်နှင့် ကုန်ကြမ်းရရှိရေးကြိုတင်ချိတ်ဆက်ဆောင်ရွက်ထားရန် မှာကြားခဲ့ကြောင်းသိရသည်။**(သတင်းစဉ်)**

နေပြည်တော် မေ ၂၃

# ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် လူမှုဖူလုံရေးအကျိုးခံစားခွင့် လွှဲပြောင်းရယူနိုင်ရေးဆိုင်ရာ အလုပ်သမားဝန်ကြီးများအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်တက်ရောက်

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် လာအိုနိုင်ငံ အလုပ်သမားနှင့် လူမှုဖူလုံရေးဆိုင်ရာဝန်ကြီးဌာနကဦးဆောင်၍ online ဖြင့် ကျင်းပသည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် လူမှုဖူလုံရေးအကျိုးခံစားခွင့် လွှဲပြောင်းရယူနိုင်ရေးဆိုင်ရာ (၄)ကြိမ်မြောက် အလုပ်သမားဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသည့် အစည်းအဝေးသည် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် လူမှုဖူလုံရေးအကျိုးခံစားခွင့်လွှဲပြောင်းရယူနိုင်ရေးဆိုင်ရာ အလုပ်သမားဝန်ကြီးများအဆင့် ပူးတွဲကြေညာချက်ကို အတည်ပြုချမှတ်နိုင်ရေး ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် မိမိတို့နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် များစွာအကျိုးပြုလျက်ရှိသော်လည်း အထောက်အထားမဲ့ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် အခြေခံလူမှုဖူလုံရေးအစီအစဉ်များ ပါဝင်နိုင်ရန်အတွက် အခက်အခဲများစွာဖြင့် ရင်ဆိုင်လျက်ရှိပါကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားများအားလုံး တရားဝင်လမ်းကြောင်းများမှတစ်ဆင့် ပြည်ပနိုင်ငံများသို့သွားရောက်လုပ်ကိုင်နိုင်စေရေး၊ လူမှုကာကွယ်ရေးနှင့် လူမှုဖူလုံရေးဆိုင်ရာ အကျိုးခံစားခွင့်များကို သက်ဆိုင်ရာနိုင်ငံများ၏ ဥပဒေများနှင့်အညီ ရရှိခံစားနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းအရ ပြည်သူလူထုအားလုံးအနေဖြင့် လူမှုဖူလုံရေးအကျိုးခံစားခွင့်များကို ရရှိပိုင်ခွင့်ရှိပါကြောင်း၊ ထို့ပြင် ရွှေ့ပြောင်းအလုပ်သမားများအတွက် လွှဲပြောင်းရယူနိုင်သော လူမှုဖူလုံရေးအကျိုးခံစားခွင့်များ ရရှိခံစားနိုင်ရေး အကောင်အထည်ဖော်မည့်အစီအမံများဆောင်ရွက်နိုင်ရန် တစ်ကမ္ဘာလုံးဆိုင်ရာဘောင်ကင်း၍ စနစ်ကျသည့်ပုံမှန်ရွှေ့ပြောင်းသွားလာမှုများ ဖြစ်ပေါ်လာစေရေးအတွက် ၂၀၁၈ ခုနှစ်တွင်ကျင်းပခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံ၌ အတည်ပြုချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ လူမှုဖူလုံရေးအသင်း International Social Security Association (ISSA) အဖွဲ့သို့ ၁၉၅၇ ခုနှစ်မှစတင်၍ ဝင်ရောက်ခဲ့ပါကြောင်းနှင့် အာဆီယံလူမှုဖူလုံရေးအဖွဲ့အစည်းသို့ ၂၀၁၅ ခုနှစ်တွင် အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခဲ့ပြီး ရွှေ့ပြောင်းအလုပ်သမားများအပါအဝင် အလုပ်သမားများအားလုံး၏ လူမှုဖူလုံရေးဆိုင်ရာကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊




မိမိတို့အားလုံး၏ ကတိကဝတ်များနှင့် စုပေါင်းဆုံးဖြတ်ချက်များဖြင့် အမျိုးသားအဆင့်နှင့် ဒေသတွင်းအဆင့်တွင် ထိရောက်ကောင်းမွန်သည့် လွှဲပြောင်းရယူနိုင်သော လူမှုဖူလုံရေးအကျိုးခံစားခွင့်များ ရရှိခံစားနိုင်ရေးအစီအစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ အာဆီယံအဖွဲ့ကြီး၏ စည်းလုံးညီညွတ်သည့် ကောင်းမွန်သော စိတ်ဓာတ်နှင့်အတူ ရွှေ့ပြောင်းအလုပ်သမားများ၏ လူနေမှုဘဝနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုကောင်းမွန်လာစေရေး၊ ပိုမိုကြွယ်ဝချမ်းသာလာသည့် ဒေသဖြစ်စေရေးတို့အတွက် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

နံနက်ပိုင်းတွင်ကျင်းပသည့် (၇)ကြိမ်မြောက် အဆင့်မြင့်အလုပ်သမားအရာရှိကြီးများအစည်းအဝေးသို့ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်း တက်ရောက်ခဲ့ပြီး နိုင်ငံတစ်နိုင်ငံချင်းစီ၏ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာအခြေအနေများနှင့် ကိန်းဂဏန်းဆိုင်ရာအချက်အလက်များ၊ ရွှေ့ပြောင်းအလုပ်သမားများ၏ အကျိုးခံစားခွင့်များ လွှဲပြောင်းရယူနိုင်သည့် လူမှုဖူလုံရေးစနစ်နှင့်စပ်လျဉ်း၍ ကောင်းမွန်သည့် ကျင့်သုံးမှုများ၊ အတွေ့အကြုံများနှင့်ပတ်သက်၍ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် လူမှုဖူလုံရေးအကျိုးခံစားခွင့် လွှဲပြောင်းရယူနိုင်ရေးဆိုင်ရာ ကြေညာစာတမ်းအပေါ် ဆွေးနွေးခြင်းနှင့် အကြံပြုသုံးသပ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင်ကျင်းပသည့် (၄)ကြိမ်မြောက် အလုပ်သမားဝန်ကြီးများ အစည်းအဝေး၌ လာအိုပြည်သူ့သမ္မတနိုင်ငံ အလုပ်သမားရေးရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူက (၇)ကြိမ်မြောက် အစည်းအဝေးတွင် ဆွေးနွေးမှုများကို အနှစ်ချုပ်ဆွေးနွေးခဲ့မှုအပေါ် တက်ရောက်လာသည့် ဝန်ကြီးများက ဆွေးနွေးအကြံပြုသုံးသပ်ခဲ့ကြပြီး ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် လူမှုဖူလုံရေးအကျိုးခံစားခွင့် လွှဲပြောင်းရယူနိုင်ရေးဆိုင်ရာ အလုပ်သမားဝန်ကြီးများအဆင့် ပူးတွဲကြေညာချက်ကို အတည်ပြုခဲ့ကြသည်။

အစည်းအဝေးများသို့ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ အလုပ်သမားဝန်ကြီးများနှင့် အဆင့်မြင့်အလုပ်သမားအရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# “မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူလယ်သမားဦးကြီးများသို့ ၂၀၂၄ ခုနှစ်၊ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးမည့်အစီအစဉ် အသိပေးကြေညာချက်”

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားဦးကြီးများသို့ စိုက်ပျိုးစရိတ်အရင်းအနှီးများရရှိစေရေးအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို နှစ်စဉ်ထုတ်ချေးပေးလျက်ရှိပါသည်။ တောင်သူလယ်သမားကြီးများကလည်း သီးနှံပေါ်ချိန်တွင် ချေးငွေများ အချိန်မီပြန်လည်ပေးဆပ်ခြင်းဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ်နှင့်တောင်သူဦးကြီးများအကြား နှစ်ဦးနှစ်ဖက်တာဝန်ကျေပွန်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။

၂။ စိုက်ပျိုးစရိတ်ချေးငွေများကို စိုက်ပျိုးရာသီအလိုက် ထုတ်ချေးပေးလျက်ရှိရာ တောင်သူဦးကြီးများအနေဖြင့် **အချိန်စေ့ချေးငွေပြေကျေမှသာ (ယခင်ကြွေးကျန်ကင်းရှင်းမှသာ)** ချေးငွေအသစ်ထုတ်ချေးခွင့်ရရှိမည်ဖြစ်ပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကထုတ်ချေးသော အခြားနှစ်တို၊ နှစ်လတ်ချေးငွေများကိုလည်း သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ထုတ်ချေးခွင့်ရရှိမည်ဖြစ်ပါသည်။

၃။ ၂၀၂၄ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများအား ယခင်ချေးငွေအရင်း၊ အတိုးများပါ ပြေကျေစွာ ပေးဆပ်ပြီးသည့်တောင်သူများသို့ မိုးရာသီစိုက်ပျိုးချိန်အမီ **၂၀-၅-၂၀၂၄** ရက်နေ့မှစတင်၍ ယခင်နှစ်နည်းတူ တစ်နှစ်လျှင် အတိုးနှုန်း ၅ ရာခိုင်နှုန်းဖြင့် သက်ဆိုင်ရာ ခရိုင်နှင့်မြို့နယ်ဘဏ်ခွဲများမှတစ်ဆင့် ထုတ်ချေးပေးနေပါသည်။

၄။ သို့ဖြစ်ပါ၍ ယခင်ချေးငွေများ ပြေကျေစွာပေးဆပ်ပြီးသည့် တောင်သူလယ်သမားဦးကြီးများအနေဖြင့် ၂၀၂၄ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီရရှိနိုင်ရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သက်ဆိုင်ရာခရိုင်/မြို့နယ်ဘဏ်ခွဲများနှင့် အမြန်ဆုံးဆက်သွယ်နိုင်ကြပြီဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ **မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**

နေပြည်တော် မေ ၂၃

# တရားမဝင်သစ်မျိုးစုံ၊ ကျောက်စိမ်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **မေလ ၂၁ ရက်နှင့် ၂၃ ရက်**တို့တွင် နေပြည်တော်ကောင်စီ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့၌ တရားမဝင်ကျွန်းသစ် (၂ ဒသမ ၅၈၈)တန်၊ အခြားသစ် (သုည ဒသမ ၄၇၁) တန်၊ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၂၆၀၃)** ကိုဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **မေလ ၂၂ ရက်**တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်ပုတီးလုံး (၂၄၆၀)ကီလိုဂရမ်နှင့် ကျောက်စိမ်းတုံးကြမ်း ဆိုဒ်စုံ (၂၀၀) ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၁၀၀၀၀၀)၊ အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Isuzu Light Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ပြင်ဦးလွင်မြို့၊ ပြင်စာရွာအနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်ပုတီးလုံး (၉၈)ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၃၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Crown (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျွဲတပ်ဆိုစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Galvanized Iron Pipe ကီလိုဂရမ် (၁၀၀၀၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Howo Tractor Head (၁)စီးနှင့် နောက်တွဲယာဉ်(၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၀၀၀၀၀၀)ကိုလည်းကောင်း၊ ရတနာပုံတံတား (မန္တလေး)ပူးပေါင်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် အိန္ဒိယနိုင်ငံထုတ် IFFCO ဓာတ်မြေဩဇာ (၄၅)ကီလိုဂရမ်ပါ (၁၀၀၀)အိတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၂၅၃၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **မေလ ၂၃ ရက်**တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင်အခြားသစ် (သုည ဒသမ ၇၉၁)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၈၄၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ မေလ ၂၁ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၃ )မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၄၂၀၂၄၄၃)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

(သတင်းစဉ်)

## မေလ၏အမြင့်ဆုံးအပူချိန်စံချိန်သစ်

| စဉ် | စခန်းအမည် | စံချိန်သစ်တင်သည့်ရက်စွဲ | အမြင့်ဆုံးအပူချိန်စံချိန်သစ် | | ယခင်စံချိန်ကျိုးခဲ့သည့်ရက်စွဲ | အမြင့်ဆုံးအပူချိန်စံချိန်ဟောင်း | | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် | | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် | |
| ၁။ | ကျောက်ဖြူ | ၂၂-၅-၂၀၂၄ | ၃၇.၈ | ၁၀၀.၀ | ၁၁-၅-၁၉၈၆ | ၃၇.၇ | ၉၉.၉ | ၆၀ |

(မိုး/လေ)

၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ UN environment


“ သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး ”
“ Land restoration, desertification and drought resilience ”

| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် |
|---|---|
| နေပြည်တော် | ၂၇˚C / ၃၈.၀˚C |
| ရန်ကုန် | ၂၆˚C / ၃၃.၀˚C |
| မန္တလေး | ၂၉˚C / ၄၀.၂˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ
အဖိုးတန်ရေချိုကို ချွေတာကြပါစို့

မိုးလေဝသ သတင်း




Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
A.I.B.A
GOLD MEDAL


ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။
FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


ထာဝရလှပသော အပြုံးအတွက်
Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
DENTOMEC
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ စာအုပ်စာပေများသည် လူ့မိတ်ဆွေများဖြစ်ပြီး စာပေမြင့်မှ လူမျိုးတင့်မည်ဖြစ်. . .

❖ စာပေသည် နိုင်ငံ၏ယဉ်ကျေးမှုအဆင့်အတန်းနှင့် အမျိုးသားရေးစိတ်ဓာတ်ကို မြှင့်တင်ပေး. . .

❖ "**ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်မည်**"ဆိုသည့် သတိပေးဆိုရိုးစကားအတိုင်းလိုက်နာပြီး ယဉ်ကျေးမှုမပျောက်ပျက်အောင်၊ ခိုင်မြဲတည်တံ့အောင် ဆက်လက်တည်ဆောက်ရန်မှာ နိုင်ငံသားအားလုံး၏တာဝန်ဖြစ်. . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသမီးစာပေဆု ဆုနှင်းသဘင်အခမ်းအနားတွင် တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမအကြိမ်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်၊ ထားဝယ်အထူးစီးပွားရေးဇုန်၊ လက်ရှိအောင်မြင်စွာဆောင်ရွက်နေသည့် သီလဝါအထူးစီးပွားရေးဇုန်တို့ကို ယခုထက်တိုးတက်အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်





မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၂၃**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ **စာမျက်နှာ ၆ ကော်လံ ၁** ♦

**အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းအန္တရာယ်များဖြစ်ပေါ်နိုင်**

စာ - ၁၀ သို့

SIN MINN
ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ